# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၀ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မအူပင်(တောင်)ဒေသ ပေနက်အစမ်းတွင်း အမှတ်(၁)

## ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇူလိုင် ၁၈ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မအူပင်(တောင်)ဒေသ ပေနက်အစမ်းတွင်း အမှတ်(၁) ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်နေသောလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မအူပင်(တောင်)ဒေသအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေစမ်းသပ်တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်တင်ပြသည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် ဝန်ကြီးက မအူပင်(တောင်) ဝန်းကျင်ဒေသအတွင်း တိုင်းတာပြီးစီးသည့် ဆိုက်စမစ် အချက်အလက်များအရ ပေလတ်တွင်းတူးစက်များဖြင့် အိုင်အိုစင်းအလယ်ပိုင်းသက်တမ်းရှိ အိုးဘိုကုန်းနှင့် ကျောက်ကုတ်ကျောက်စဉ်စုအတွင်း စမ်းသပ်တူးဖော်ချက်များအရ သဘာဝဓာတ်ငွေ့များ

*စာမျက်နှာ ၁၁ ကော်လံ ၅* ✱



## နောင် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့်

## အမျိုးသားအမွေအနှစ် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ

သတင်းဆောင်းပါး - မောင်တွေးထက် ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၁၉

မီးခလုတ်ကို လက်ညှိုးကလေးနဲ့ ဖိလိုက်တဲ့အခါ 'ဂျောက်' (ချောက်)ဆိုတဲ့အသံ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပဲ မီးချောင်း(မီးလုံး)က အလင်းရောင် ဖြာကျလာပါတယ်။ သြော်···· ခလုတ်ကလေး နှိပ်လိုက်ရုံနဲ့ အလင်းရောင်ရတယ်ဆိုတော့ ငှက်ပျောသီး အခွံနွှာစား သလောက်တောင် မခက်ပါလားလို့ ထင်စရာရှိပါတယ်။

**ကြိုးပမ်းလုပ်ဆောင်**

တကယ်တော့ ဒီလောက်မလွယ်ပါဘူး။ လျှပ်စစ်အလင်းရောင် ရရှိရာ၊ ရရှိကြောင်း အရင်းခံအကြောင်းရင်းကိုသာ ဂဃနဏ သိကြမယ်ဆိုရင် ခလုတ်လေးနှိပ်ရုံနဲ့ မီးလင်းအောင် ဘယ်လောက်အထိ ခက်ခက်ခဲခဲနဲ့ အဆင့်ဆင့် ကြိုးပမ်းလုပ်ဆောင်ရတယ်ဆိုတာကို သဘောပေါက်ပါလိမ့်မယ်။ ဒီလိုသဘောပေါက်ရင် လျှပ်စစ်ဓာတ်အားကို ချွေတာရကောင်းမှန်းသိလာပြီး နေ့ခင်းဘက်မှာ မလိုအပ်ဘဲ မီးချောင်း(မီးလုံး)တွေဖွင့်ထားတာ၊ တီဗွီကို ကြည့်မယ့်လူမရှိဘဲ တစ်ချိန်လုံးဖွင့်ထားတာ စတဲ့ လျှပ်စစ်ဓာတ်အား အလဟဿဖြုန်းတီးပစ်တာမျိုးကို မလုပ်ကြတော့ဘူးပေါ့။

*စာမျက်နှာ ၈ ကော်လံ ၁* ❒

ကမာနတ်-မြောင်းတကာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းများကို ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ လျှပ်စစ်လုပ်သားကြီးများ ဤသို့ ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်က လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဖူလုံစေရန်အတွက် စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တည်ဆောက်နေသည့် လျှပ်စစ်ဓာတ်အား စုစုပေါင်း ၇၉၀ မဂ္ဂါဝပ်ရရှိမည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်မြင်ကွင်းကို ဤသို့ တွေ့ရသည်။



20-7 (01).pmd 1 7/20/2010, 1:47 AM

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၂၀ ရက်)

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

"သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ" ဆိုစကားအရ ယခုအချိန်ရာသီကာလသည်သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ကာလဖြစ်သည်။ သစ်တောသစ်ပင်သည် သဘာဝပတ်ဝန်းကျင်ကို အေးမြသာယာပြီး စိမ်းလန်းစိုပြည်စေသည်။

သစ်တောသစ်ပင်သည် သဘာဝရာသီဥတုကို ပြုပြင်ပြောင်းလဲစေသဖြင့် သစ်တောသစ်ပင်များ ပြုန်းတီးလျှင် ရာသီဥတုများ လွန်ကဲပြီး ပူလွန်းခြင်း၊ အေးလွန်းခြင်းများ ဖြစ်ပေါ်၍ စိုက်ပျိုးရေးအတွက် အခက်အခဲကြုံတွေ့နိုင်သည်။ မြန်မာလူမျိုးတို့သည် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးသူ၊ သဘာဝရေမြေ တောတောင်ကို ချစ်မြတ်နိုးသူများ ဖြစ်ကြသည်။

သစ်တောသစ်ပင်များ မပြုန်းတီးရန်အတွက် သစ်တောဝန်ထမ်းများသာမက တိုင်းရင်းသားပြည်သူများသည်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်း ဝန်ကြီးဌာနအလိုက်လည်းကောင်း၊ မြို့နယ်၊ ရပ်ကွက်အလိုက်လည်းကောင်း၊ အသင်းအဖွဲ့အစည်းများအလိုက်လည်းကောင်း မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ သရက်နှင့် အခြားသစ်ပင်များအပါအဝင် သီးပင်စားပင် မျိုးပေါင်းများစွာတို့ကို စိုက်ပျိုးလျက်ရှိသည်။

သစ်တောသစ်ပင်သည် သက်ရှိသတ္တဝါအားလုံးကို အကျိုးပြုလျက်ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် စားသုံးသီးနှံရရှိခြင်း၊ အရိပ်ရရှိခြင်း၊ လူ့အသုံးအဆောင်ပစ္စည်းရရှိခြင်း၊ စိတ်ကြည်နူးလန်းဆန်းစေခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေသည်။

သစ်တောသစ်ပင်သည် လူတို့ကိုသာ အကျိုးပြုစေသည်သာမက ကျေးငှက်မျိုးစုံတို့ကိုလည်း အကျိုးပြုလျက်ရှိသည်။ ကျေးငှက်တို့သည် သစ်တောသစ်ပင်ကို မှီခိုအားထားနေထိုင်လျက်ရှိရာ သစ်တောသစ်ပင်သည် ငှက်မျိုးစိတ်များကိုလည်း ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

"သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး" ဆိုစကားအရ မိမိဒေသ၊ မိမိနိုင်ငံအလှတိုးရန်၊ သာယာလှပစိမ်းလန်းစိုပြည်စေရန် သစ်တောသစ်ပင်များဖြင့် အလှဆင်ကြရမည်ဖြစ်ပြီး စိုက်ပျိုးသောအပင်များ ရှင်သန်ကြီးထွားရေးကိုလည်း ဝိုင်းဝန်းပြုစုပျိုးထောင်၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဒေါက်တာတင်အောင်အေး

### ခရမ်းမြို့နယ်ကော်မရှင် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာ တင်အောင်အေးသည် ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင်၁၄ရက်က ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေး**

ထို့နောက် ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များအား တွေ့ဆုံရာ ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ခင်က ကော်မရှင်လုပ်ငန်းနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးက လူဦးရေ စာရင်းဇယားများ၊ မဲရုံနှင့် မဲပုံးများ လျာထားမှုကိုက်ညီရေးနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး ခရမ်းမြို့ အမှတ်(၅)ရပ်ကွက် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြော

မော်လမြိုင် ဇူလိုင် ၁၉

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၁၀နာရီက မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ အမှတ် (၁၀)အခြေခံပညာအထက်တန်းကျောင်း ခွာညိုဆောင် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ဒေါ်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ (ယာဉ်ထိန်း) ဒုတိယရဲမှူး မြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချခြင်းကိုလည်းကောင်း **(အောက်ပုံ)** ယာဉ်ထိန်းရဲ တပ်ကြပ်ကြီးတင်လတ်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်(၁၇)ချက်ကို လည်းကောင်း၊ ဒုတိယရဲအုပ် အောင်နိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကို လည်းကောင်း ရှင်းလင်းဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူး မြင့်အေးက တာဝန်ခံ ကျောင်းအုပ်ဆရာမဒေါ်သောင်းထံ ပေးအပ်ခဲ့သည်။ (ဝ၁၄)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၁၀ (အင်္ဂါနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **ပဋ္ဌာန်းဒေသနာတော် သို့မဟုတ် ဘဝ၏စွမ်းရည်သတ္တိ** တရားတော် (ဆရာတော်အရှင်ဇောတိက) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၂) |
| ၈:၃၀ | Sports World |
| ၈:၅၅ | Activities in the City (Health Care Group) ၏ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနား |
| ၉:၀၅ | ကုသိုလ်ရနံ့တို့သင်းပျံ့လှိုင်.... Golden Lamps အမွေးတိုင် |
| ၉:၂၀ | စိန်ပွင့်လေးများနှင့်ထပ်တူ |
| ၉:၄၀ | Cartoon Show Time (Dragon Hunters) |
| ၁၀:၁၅ | နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသ ဆီသို့ (အပိုင်း-၂) |
| ၁၀:၄၀ | သင်ကြားရေးလမ်းညွှန် (Canon Club ဓာတ်ပုံသင်တန်း) |
| ၁၁:၀၅ | မြတ်သောအလှူ ကုသိုလ်ယူ |
| ၁၁:၂၅ | Sports Diary |
| ၁၁:၅၅ | ရန်ကုန်မြင်ကွင်းကျယ် (Myanmar Indobest Company Limitedရဲ့ Annual General Meeting & Staff Party) |
| ၁၂:၀၅ | သောတ္တိသေနသမ္ဘူလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း) |
| ၁:၀၀ | **ပဋ္ဌာန်းဒေသနာတော် သို့မဟုတ် ဘဝ၏စွမ်းရည်သတ္တိ** တရားတော် (ဆရာတော်အရှင်ဇောတိက) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | Zaw Win Htut Emperor 25th Anniversary Live Show (Part-3) |
| ၃:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၂) |
| ၄:၃၅ | စိန်ပွင့်လေးများနှင့်ထပ်တူ |
| ၄:၄၅ | Activities in the City (Health Care Group) ၏ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်း အနား |
| ၅:၀၀ | မေတ္တာသည်သာ တတ်စွမ်းနိုင်တာ |
| ၅:၁၅ | ကုသိုလ်ရနံ့တို့သင်းပျံ့လှိုင်... Golden Lamps အမွေးတိုင် |
| ၅:၃၅ | အနာဂတ်ရဲ့အလင်းရောင် II |
| ၅:၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Myanmar Indobest Company Limited ရဲ့ Annual General Meeting & Staff Party) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | Celebrity Style (Doreme) |
| ၆:၄၀ | Zaw Win Htut Emperor 25th Anniversary Live Show (Part-3) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | World of Knowledge (Flight of the Elephant) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၂) |
| ၁၀:၀၀ | Sunday Talk |
| ၁၁:၀၅ | Cartoon Show Time (Dragon Hunters) |
| ၁၁:၄၅ | Celebrity Style (Doreme) |
| ၁၂:၀၀ | ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး) |
| ၁၂:၂၅ | နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသ ဆီသို့ (အပိုင်း-၂) |
| ၁၂:၄၅ | ရွှေတောင်မြို့မှစည်းလုံးချည် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**







## မြေယာရှုခင်း အလှပြုပြင်

ဇူလိုင် ၁၀ရက်က ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် မြို့ဝင်ဆိုင်းဘုတ်၌ မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်နေခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင် အနီးကပ်ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

20-7 (02).pmd 1 7/20/2010, 1:47 AM



၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။ (သတင်းစဉ်)

# ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

**၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပရာ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့အမျှပေးဝေခြင်းများ ဆောင်ရွက်သည်။**

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

၂၀၁၀ခုနှစ်(၆၃)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးအောင်သိန်းလင်းသည် နံနက် စနာရီတွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာပြီး အာဇာနည်ဗိမာန် ရင်ပြင်၌ နေရာယူသည်။

## လွမ်းသူ့ပန်းခွေချ

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ယင်းအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့လျှော့ချ လွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့အမျှဝေပြီး နှစ်မိနစ်ငြိမ်သက်စွာ နေခြင်းတို့ကို ဆောင်ရွက်ကြပြီး ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားသည်။

## အမျှပေးဝေ

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်လှဲလှဲနွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍ အလေးပြုပြီး ကန်တော့ကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကန်တော့ကြပြီး မေတ္တာပို့အမျှပေးဝေကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံးတို့မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၁၉

**ယနေ့နံနက် ၉နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**ဇူလိုင် ၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



# လှိုင်မြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီက လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဦးခိုင်စိုးက ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## တာဝန်များပေးအပ်

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံသို့ စီမံကိန်းတာဝန်များ ပေးအပ်သည်။ **(အပေါ်ပုံ) (၁၂၈)**

# ဗဟန်းမြို့နယ် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများ ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ဗဟန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ ကျိုက္ကဆံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ကော်မရှင်အဖွဲ့ဝင်များက ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

## ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များသည် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

○ *ကျော့ဖုံးမှ*

ထို့နောက် စာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ၊ ရသ စာအုပ်စာစောင် အုပ် ၁၅၀၊ ဦးဝင်းမောင်မိသားစုက ငွေပဒေသာပင် ကျပ် ၃၀၀၀၀၊ ဦးအောင်ဝင်းလှိုင်မိသားစုက သတင်းစာတစ်နှစ်စာအတွက် ငွေကျပ် ၂၄၀၀၀၊ ဦးငွေးလွင်မိသားစုက ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ် ၄၈၀၀၊ ဦးလှထွန်းမိသားစုက သုတ၊ ရသ စာအုပ် စာစောင် အုပ် ၁၁၀ အသီးသီးပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုးရွာသွန်းလေသမျှ

၁၉-၇-၂၀၁၀

| | |
|---|---|
| ခန္တီးမြို့ | ၆ဒသမ ၂၂လက်မ |
| ဗန်းမော်မြို့ | ၄ဒသမ ၅၂လက်မ |
| ကော့ကရိတ်မြို့ | ၃ဒသမ ၉၈လက်မ |
| လောင်းလုံမြို့ | ၂ဒသမ ၆၈လက်မ |
| ကျောက်ဖြူမြို့ | ၂ဒသမ ၆၀လက်မ |
| ကော့သောင်းမြို့ | ၂ဒသမ ၄၀လက်မ |
| မာန်အောင်မြို့ | ၂ဒသမ ၃၂လက်မ |
| ဇလွန်မြို့ | ၂ဒသမ ၀၉လက်မ |
| စစ်တွေမြို့ | ၂ဒသမ ၀၅လက်မ |

# အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်းပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကိုသတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)**

**၂၁-၇-၂၀၁၀**

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
- ၇း၀၅ တရားတော် **(ဓမ္မသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၄၉) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် တေးပဒေသာ
- ၁၂း၂၅ ဓာတ်လမ်းပမာနားဆင်စရာ (အထုံးပြေတဲ့နေ့)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ဝက်သားအင်ဥ၊ သရက်ချဉ်သုပ်နဲ့ ဒန့်သလွန်ရွက်ဟင်းခါး)
- ၁၇း၁၀ Current Song
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၆)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၅၉)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း **ရေထဲကအရိပ်**
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ညီကျော်)
- ၁၉း၃၀ တေးပဒေသာ
- ၁၉း၄၀ ဝတ္ထုတိုခံစားမှု(မန်ကျည်းကိုးပင်)
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
- ၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်မန်ကျည်းသီး) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ



## ပေးအပ်လှူဒါန်း

ဇူလိုင် ၁၉ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ကျောက်တန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ကျောက်တန်းမြို့နေ ဦးသက်ဦး၊ ဦးသက်ဇော်ဦးနှင့် သူငယ်ချင်းများက အလှူငွေကျပ် တစ်သိန်းကို ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးသာကျော်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)



အီတလီနိုင်ငံ ဗီဂိုမြို့ရှိ ဆာမီကမ်းခြေ၌ နိုင်ငံတကာလေကြောင်းပြပွဲ ကျင်းပခဲ့ရာ အီတလီလေတပ်မှ လေယာဉ်များ၏ စွမ်းရည်ပြသမှုကို ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# အာဖဂန်၌ အကြမ်းဖက်မှုများ ပိုမိုပြင်းထန်

## ဇွန်လအတွင်း အရပ်သား ၁၈၀ကျော် သေဆုံး

ကဘူးလ် ဇူလိုင် ၁၉

တာလီဘန်ခေါင်းဆောင် မူလာမိုဟမ်မက်အိုမာက ၄င်း၏ တိုက်ခိုက်ရေးသမားများကို အထူးပစ်မှတ်နေရာများသို့ တိုက်ခိုက်သွားရန် အမိန့်ပေးလိုက်ပြီးနောက် တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် ဇွန်လအတွင်း အာဖဂန်အရပ်သား ၁၈၀ကျော် သေဆုံးခဲ့ရကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထူးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ပြောကြား**

ဇွန် ၁ရက်မှစပြီး အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်တို့၏ တိုက်ခိုက်မှုအပါအဝင် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၁၈ဦးသေဆုံးခဲ့ရကြောင်း ဂျိုးဇက်ဘလော့ဇ်က အိုင်အက်စ်အေအက်ဖ်ဌာနချုပ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပစဉ် သတင်းထောက်များအား ပြောကြားသည်။

**ချေမှုန်း**

မိမိတို့အနေဖြင့် ဇွန်လအတွင်းက စာတစ်စောင် လက်ခံရရှိခဲ့ကြောင်း၊ ယင်းစာတွင် ပါကစ္စတန်နိုင်ငံ၌ ပုန်းအောင်းနေသော မူလာမိုဟမ်မက် အိုမာထံမှ ပေးပို့ခဲ့သောစာဖြစ်ကြောင်း၊ ၄င်းစာတွင် အာဖဂန် နစ္စတန်ရှိ နေတိုးဦးဆောင်သော တပ်များကိုတိုက်ခိုက် ချေမှုန်းသွားရန် ဖော်ပြပါရှိကြောင်း သိရသည်။

**ဖော်ပြ**

အာဖဂန်အစိုးရကို ထောက်ခံသည့် အာဖဂန်များကိုလည်း သတ်ဖြတ်ကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**တိုက်ခိုက်**

အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးမှုအများဆုံးမှာ အသေခံဗုံးခွဲ တိုက်ခိုက်ခြင်း၊ လမ်းဘေးဗုံးထောင်ခြင်း၊ စက်သေနတ်များဖြင့် ပစ်ခတ်ခြင်းတို့ ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)



# မိုနာလီဇာ ပန်းချီကား လျှို့ဝှက်ချက်များ ပြင်သစ်ပညာရှင်တို့ ဆန်းစစ်ဖော်ထုတ်

*ပေကျင်း ဇူလိုင် ၁၉*

*ပြင်သစ် သုတေသနပညာရှင်တို့သည် ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒို ဒါဗင်စီ ရေးဆွဲခဲ့သော မိုနာလီဇာ အမည်ရှိ ပန်းချီကားအပါအဝင် ပန်းချီကားများကို သုတေသနပြု ဆန်းစစ်လေ့လာခဲ့ပြီးဖြစ်ရာ မိုနာလီဇာ၏အပြုံး လျှို့ဝှက်ချက်များ ထုတ်ဖော်နိုင်တော့မည်ဟု ဆိုသည်။ (အပေါ်ပုံ)*

*တင်ပြ*

*ပန်းချီဆရာ ဒါဗင်စီသည် မိုနာလီဇာဟု အမည်ပေးထားသော ပန်းချီကားချပ်ကို ဆေးအလွှာပေါင်း၃၀ အသုံးပြု ရေးဆွဲထားကြောင်း၊ အလွှာအားလုံးသည် လူတစ်ဦး၏ ဆံချည်မျှင်စ ထက်ဝက်မျှ သို့မဟုတ် ၄၀ မိုက်ခရိုထက်မီတာ ပါးလွှာကြောင်း ပြင်သစ်ယဉ်ကျေးမှုပြတိုက် ထိန်းသိမ်းရေးနှင့် သုတေသနဌာနမှ ကျွမ်းကျင်သူများက လေ့လာတင်ပြထားသည်။*

*သုံးသပ်*

*စဖူမာတိုဟုခေါ်သော နည်းပညာကို ပန်းချီဆရာ ဒါဗင်စီက အသုံးပြု ရေးဆွဲခဲ့သဖြင့် မိုနာလီဇာအပြုံး ပန်းချီကားသည် ကမ္ဘာကျော်ခဲ့သည်ဟု ၄င်းတို့က သုံးသပ်ထားသည်။*

*ထိုပန်းချီကားကို အသေးစိတ်အချက်အလက်များ ရှာဖွေနိုင်မည့် ဆော့ဖ်ဝဲအသစ်တစ်ခုကိုလည်း ထုတ်လုပ်ထားပြီဖြစ်ကြောင်း၊ ပန်းချီဆရာ ဒါဗင်စီက ယင်းပန်းချီကားတွင် ဆီဆေးနှင့် ရေဆေးနှစ်မျိုး ရောစပ်အသုံးပြုခဲ့ကြောင်း ဝါရင့်သုတေသနပညာရှင် ဖီးလစ်ပီဝေါလ်တာက ပြောကြားသည်။* *(အင်တာနက်)*

# အယ်လ်ခိုင်ဒါနှိမ်နင်းမှု လှုံ့ဆော်ရေးစခန်း၌ အသေခံဗုံးဖောက်ခွဲ ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်း ဆင်ခြေဖုံးဒေသရှိ အယ်လ်ခိုင်ဒါ နှိမ်နင်းမှုလှုံ့ဆော်ရေးအဖွဲ့ အခြေစိုက်စခန်းကို ဇူလိုင် ၁၈ရက်က အသေခံဗုံးဖောက်ခွဲမှုကြောင့် ၄င်းအဖွဲ့မှ ကိုးဦးသေဆုံးပြီး ၂၉ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဗုံးဖောက်ခွဲ**

ရာဝါနီယာဒေသ ဘာလာဆမ်ရွာရှိ အယ်လ်ခိုင်ဒါနှိမ်နင်းမှုလှုံ့ဆော်ရေးအဖွဲ့ အခြေစိုက်စခန်း၌ လူစုလူဝေးရှိစဉ် ဖောက်ခွဲရေးသမားသည် ၄င်းကိုယ်ပေါ်၌ ပါရှိသည့် ဖောက်ခွဲရေးပစ္စည်းဖြင့် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသို့ သတင်းပေးပို့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**မီးကူးစက်**

**ဂရိနိုင်ငံ အရှေ့မြောက်ဘက် မိုင်အနည်းငယ်အကွာရှိ ကျေးရွာတစ်ရွာ၌ တောမီးလောင်ရာမှ လူနေအိမ်များ မီးကူးစက် လောင်ကျွမ်းလျက်ရှိသည်ကို ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

**အားကစားရုံပြိုကျ**

**ပွာတိုရီကိုနိုင်ငံ မာရာကွတ်ဇ်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် ပြိုကျသွားသော အားကစားရုံကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။** (ယင်းအားကစားရုံသည် အမေရိကအလယ်ပိုင်းနှင့် ကာရစ်ဘီယံဒေသ အားကစားပြိုင်ပွဲများ ဖွင့်ပွဲမတိုင်မီ နာရီပိုင်းအလိုတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လူငါးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**



# ရေဘဝဲပေါလ်အား စပိန်တောင်းဆိုမှု ဂျာမနီနိုင်ငံ ငြင်းပယ်

**မြူးနစ် ဇူလိုင် ၁၉**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကာလအတွင်း ဂျာမနီအသင်း၏ အနိုင်၊ အရှုံး ကြိုတင်ဟောကိန်းထုတ်ခြင်းဖြင့် နာမည်ကြီးခဲ့သည့် ရေဘဝဲပေါလ်အား စပိန်နိုင်ငံက လွှဲပြောင်းပေးရန် မေတ္တာရပ်ခံတောင်းဆိုလာမှုကို ဂျာမနီနိုင်ငံရှိ တိရစ္ဆာန်ရုံတစ်ရုံက ငြင်းပယ်လိုက်သည်။

**မှန်ကန်**

ရေဘဝဲပေါလ်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကာလတွင် ဂျာမနီအသင်းပြိုင်ပွဲ ခုနစ်ပွဲစလုံးကို အနိုင်၊ အရှုံးမှန်ကန်စွာ ဟောကိန်းထုတ်ပေးနိုင်ခဲ့သည်။

**ဟောကိန်းထုတ်**

ထို့အပြင် စပိန်အသင်း ဖလားဆွတ်ခူးနိုင်လိမ့်မည်ဟူ၍လည်း ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

**စီစဉ်**

စပိန်နိုင်ငံက ရေဘဝဲပေါလ်အား ဂုဏ်ပြုသောအားဖြင့် စပိန်မြို့ကြီးတစ်မြို့ကို ရေဘဝဲဟု အမည်ပြောင်းလဲခေါ်ဆိုရန် စီစဉ်နေပြီး နွေရာသီအားကစားပြိုင်ပွဲကိုလည်း ရေဘဝဲအမည်ဖြင့်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**(အင်တာနက်)**

# ပြင်သစ်အနောက်တောင်ပိုင်း၌ ကမ္ဘာလှည့်ခရီးသည်တင် လေယာဉ်ပျက်ကျ

ပါရီ ဇူလိုင် ၁၉

ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းတွင် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီး လေယာဉ်ငယ်တစ်စင်း ဇူလိုင် ၁၉ရက် နံနက် ၈နာရီခန့်က ပျက်ကျသွားခဲ့ကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြသည်။

**ပျက်ကျ**

၄င်းလေယာဉ်သည် အမ်စီအာရ်အမျိုးအစား လေယာဉ်ငယ်ဖြစ်ပြီး ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း ရိုယန်မြို့လေဆိပ်အနီး ရုတ်တရက် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ဖြစ်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်နိုင်ကြောင်း ရိုယန်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

**လေယာဉ်မှူး**

အဆိုပါ လေယာဉ်အား မောင်းနှင်သူ အသက် ၆၃နှစ်အရွယ်ရှိ လေယာဉ်မှူးမှာ လေယာဉ်ပျက်ကျရာ၌ သေဆုံးသွားခဲ့သည်။ ကျန်ခရီးသွားများမှာ ဒဏ်ရာရရှိခဲ့ပြီး အသက်အန္တရာယ်ကင်းခဲ့ကြောင်း လေယာဉ်တာဝန်ရှိသူများက ပြောကြားသည်။

**(အင်တာနက်)**

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## လက်ဘနွန်ဝန်ကြီးချုပ် ဆီးရီးယားသို့ခရီးထွက်

*လက်ဘနွန်ဝန်ကြီးချုပ် ဆက်ဟာရီရီသည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်အတွက် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ ဇူလိုင် ၁၉ရက်က ရောက်ရှိကာ ဆီးရီးယားခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၁၄ချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဆီးရီးယားအရာရှိများက ဇူလိုင် ၁၉ရက်၌ သတင်းထုတ်ပြန်သည်။*

## ဂရီနိုင်ငံ အေသင်မြို့အနီး တောမီးလောင်

*ဂရီနိုင်ငံ အေသင်မြို့အနီးတွင် ဇူလိုင် ၁၉ရက် နံနက်က တောမီးလောင်မှုဖြစ်ပွားရာ နေအိမ်များနှင့် ကောက်ပဲသီးနှံစိုက်ခင်းများ မီးလောင်ကျွမ်းခံရကြောင်း၊ အနီးဝန်းကျင်၌နေထိုင်သူများကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း အေသင်မြို့ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။*

## ရုရှားပုံးကြဲလေယာဉ်နှစ်စင်း စမ်းသပ်ပျံသန်း

*ရုရှားလေတပ်မှ တီယူ-၉၅အမ်အက်စ် ဗုံးကြဲလေယာဉ်နှစ်စင်းသည် ဇူလိုင် ၁၉ရက် နံနက်က ရုရှားနိုင်ငံအရှေ့ပိုင်း အမူရာဒေသတွင် ၁၂နာရီကြာပျံသန်းပြီး တာဝေးပစ်ဒုံးကျည်များကို လေယာဉ်မှစမ်းသပ်ပစ်ခတ်ခဲ့ကြောင်း၊ အောင်မြင်မှုရှိခဲ့ကြောင်း ရုရှားစစ်ဘက်က ပြောကြားသည်။*

## အိန္ဒိယအရှေ့ပိုင်း၌ ရထားနှစ်စင်းတိုက်မိ

*အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်ဂေါပြည်နယ် ဗီယာဟာမ်ခရိုင်တွင် ဇူလိုင် ၁၉ရက် နံနက် ၂နာရီ ၁၅မိနစ်က ရထားနှစ်စင်း တိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၆၀ကျော် သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)*



## ယူအေအီး၌ နယူးဇီလန်သံရုံးဖွင့်လှစ်

*အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ အဘူဒါဘီမြို့တွင် နယူးဇီလန်နိုင်ငံသံရုံးကို ဇူလိုင် ၁၉ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် နယူးဇီလန်သံရုံးကို ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ကြောင်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။*

## ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

*ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တရုတ်နိုင်ငံ ဟောင်ကောင်ဈေးကွက်တွင် ဇူလိုင် ၁၉ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၃၁ဒေါ်လာ အထိ ကျဆင်းခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

## ပါပူဝါနယူးဂီနီ၌ အင်အားပြင်းငလျင်လှုပ်

*ပါပူဝါနယူးဂီနီနိုင်ငံ ကမ်းလွန်တွင် ဇူလိုင် ၁၉ရက်က ရစ်ချ်တာစကေး ၇ဒသမ၃ရှိအင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း ပါပူဝါနယူးဂီနီအရာရှိများက ပြောကြားသည်။*

## အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်ဆွေးနွေးမည်

*အာရပ်ကမ္ဘာမှ နိုင်ငံခြားရေးဝန်ကြီး ၂၀သည် အရှေ့အလယ်ပိုင်း ကိစ္စရပ်များ၊ ပါလက်စတိုင်းနှင့်အစ္စရေး ကိစ္စရပ်များကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ဇူလိုင် ၂၉ရက်၌ အရေးပေါ်တွေ့ဆုံ ဆွေးနွေးကြမည်ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ်မှ သတင်းထုတ်ပြန်သည်။*

## မလေးရှားက နည်းပညာများဖြန့်ဝေ

*မလေးရှားနိုင်ငံသည် နည်းပညာများနှင့် စီးပွားရေးအခွင့်အလမ်းများကို ဘော့စနီးယားနှင့် ဟာဇီဂိုဗီးယား၊ ခရိုအေးရှားနိုင်ငံများသို့ ဖြန့်ဝေဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ဇူလိုင် ၁၉ရက်၌ ပြောကြားသည်။*

*(အင်တာနက်)*

# တိုင်းမှူးဗိုလ်ချုပ်တင်ငွေ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဇူလိုင် ၁၅ရက်က တောင်သာမြို့နယ် တံတားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်ပက်ဖျန်းကာ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မလှိုင်မြို့နယ် မြို့ရေပေးဝေရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားကာ ရေခပ်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လယ်ကြီးကျေးရွာရှိ တောင်သူတစ်ဦး၏လယ်မြေသို့ရောက်ရှိ၍ စပါးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# စစ်ကိုင်းတိုင်းအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ

## ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှု စစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇူလိုင် ၁၇ရက်နှင့် ၁၈ရက်တို့တွင် စစ်ကိုင်းတိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ဝန်ကြီးသည် ဇူလိုင်၁၇ရက် နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့ကြို/ ဘွဲ့လွန်တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ သင်ယူတတ်မြောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွှေဘိုဒီဂရီကောလိပ်သို့သွားရောက်ကာ ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင် လိုက်ပါလျက် ကန့်ဘလူမြို့ရှိ အမှတ်(၂)နှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ သိပ္ပံလက်တွေ့ပြုလုပ်လေ့ကျင့်နေမှု၊ မာလ်တီမီဒီယာအသုံးပြု သင်ကြားသင်ယူမှုများနှင့် သင်ယူတတ်မြောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇူလိုင်၁၈ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့နယ် အေးသာယာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)သို့ သွားရောက်ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ရန်ကင်းမြို့နယ်၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ရန်ကင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်အေးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ရန်ကင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးနေမင်းထွန်းနှင့် အဖွဲ့ဝင်များက ရွှေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြီး သရုပ်ပြမှုများဖြင့် ဆွေးနွေးပို့ချကြသည်။ သင်တန်းသို့ ရန်ကင်းမြို့နယ် အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၁၃၀ တက်ရောက်ကြသည်။ **(၁၇၀)**





မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်း၌ ပလက်ဖောင်းလက်ရမ်းဆောင်ရွက်ထားရှိမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ဇူလိုင် ၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

# နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ

## ပြုလုပ်ပြင်ဆင်နည်း သင်တန်းဖွင့်မည်

နေပြည်တော် ဇူလိုင် ၁၉

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီး သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့်မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း အပတ်စဉ်အသစ်ကို ဇူလိုင်လ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

### အခမဲ့ကူညီ

Institute of Hospitality(UK) နှင့် Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ ဆရာမများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြု ပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

### စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောက်ပိုမှီ၏



# အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ

## တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

**အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ခန်းမအတွင်း၌ ပြသထားသည့် ပိုးမွှားများ ရှင်သန်လှုပ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### အမွေးနံ့သာရည်ပက်ဖျန်း

တိုင်းမှူးသည် ဇူလိုင် ၁၅ရက်က တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

### အမှာစကားပြောကြား

ထို့နောက် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံကြပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အန္တရာယ်ကင်းသော ရေထွက်စားသောက်ကုန်ထုတ်လုပ်ရေး

## ပန်းတနော်မြို့နယ်၌ အသိပညာပေးဆွေးနွေး

**ပန်းတနော် ဇူလိုင် ၁၉**

ငါး၊ ပုစွန်ထုတ်လုပ်သူများမှ မိရိုးဖလာ နည်းပညာများဖြင့် ထုတ်လုပ်သည့် အငယ်စား၊ အလတ်စား ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ထုတ်လုပ်သူများအတွက် အန္တရာယ်ကင်းသော ရေထွက်ပစ္စည်းစားသောက်ကုန်များ ပြုပြင်ထုတ်လုပ်ရာတွင် နိုင်ငံတကာနှင့် အာဆီယံဒေသအတွင်း ပြဋ္ဌာန်းထားသည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် ( GMP)နှင့်အညီ လိုက်နာကျင့်သုံးရေး အသိပညာပေး ဆွေးနွေးဟောပြောခြင်းအခမ်းအနားကို မအူပင်ခရိုင် ပန်းတနော်မြို့နယ်ရှိ ပသွယ်ငါးလုပ်ငန်းစခန်း အစည်းအဝေးရုံးခန်းမ၌ ဇူလိုင် ၈ရက်က ကျင်းပသည်။

### ဆွေးနွေးပြောကြား

အဆိုပါ အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်နှင့်အဖွဲ့က ငါး၊ ပုစွန်များဖြင့် ငါးပိ၊ ငါးခြောက်၊ငံပြာရည်ထုတ်လုပ်သည့် အငယ်စား၊ အလတ်စား ရေထွက်ပစ္စည်း ထုတ်လုပ်သူများကို အန္တရာယ်ကင်းသော ရေထွက်ပစ္စည်း ထုတ်လုပ်ရာတွင် လိုက်နာရန်လိုအပ်သည့် ထုတ်လုပ်နည်းများ၊ ပညာပေးဗဟုသုတများ၊ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ရှင်းရှင်းနီးနီး ဆွေးနွေးပြောကြားခဲ့သည်။

**(အောက်ပုံ) (ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)**



ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

# ဆည်ရေသောက်စနစ်လုပ်ငန်းများတွင် အသုံးပြုမည့် စက်ယန္တရားများ

## လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇူလိုင် ၁၇ရက် မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ကိုးမိုင်ရှိ ဆည်မြောင်းဦးစီးဌာန စက်မှု တိုင်း(၁)သို့ရောက်ရှိပြီး ခပေါင်းရေလှောင်တမံ ဆည်ရေသောက်စနစ်လုပ်ငန်းများနှင့် သုံးဆယ်ရေလှောင်တမံ ဆည်ရေသောက်စနစ်လုပ်ငန်းများ၌ အသုံးပြုရန် OPEC(အိုပက်)ချေးငွေဖြင့်ဝယ်ယူရောက်ရှိလာသည့် မြေတူး၊ မြေတင်စက် (Hydraulic Excavator) ၁၂စီးနှင့် မြေတွန်းစက် (Tractor Dozer) လေးစီးတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

### ဆက်လက်ပေးပို့

ယင်းနောက် စက်အမျိုးအစားအလိုက် စက်များစမ်းသပ်မောင်းနှင်ပြသမှုနှင့် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်များကို ခပေါင်းနှင့် သုံးဆယ်ရေလှောင်တမံ လုပ်ငန်းခွင်များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မြို့တော်ဝန် ဦးအောင်သိန်းလင်း

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်စိုက်ပျိုးပေး



ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌ ပျဉ်းကတိုးပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဇူလိုင် ၁၇ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ကြီးမှူးကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေး၍ ပျဉ်းကတိုးပင်ကို စိုက်ပျိုးပေးပြီး တာဝန်ရှိသူတို့က သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင်များကို စိုက်ပျိုးပေးကြသည်။

### စိုက်ပျိုး

ထို့နောက် မြို့တော်ဝန်သည် ဝန်ထမ်းများ သတ်မှတ်နေရာအသီးသီး၌ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်နှင့် ငုရွှေဝါပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဇူလိုင် ၁၇ရက်က ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်နှင့် ငုရွှေဝါပင် စုစုပေါင်း အပင် ၁၂၀၀ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပင်လည်ဘူး၌ ကျင်းပ

**ပင်လည်ဘူး ဇူလိုင် ၁၉**

ကသာခရိုင် ပင်လည်ဘူးမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၆ ရက် နံနက် ၇နာရီက ပင်လည်ဘူး-ဗန်းမော်ကားလမ်းဘေး၌ကျင်းပရာ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မင်းထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောဂျင်မိနီဟပ်လပ်နှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးလက်ပြည်သူများက တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် မဟော်ဂနီ၊ စိန်ပန်း၊ ယူကလစ်စသည့် အပင်ပေါင်း ၂၁၀၀ကို စိုက်ပျိုးခဲ့ကြသည်။

### စုပေါင်းစိုက်ပျိုး

အလားတူ ပင်လည်ဘူးမြို့နယ် နန့်အောင်သာရွာတွင် ကျွန်းနှင့် သစ်မာပင်မျိုးစုံ အပင် ၂၂၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

# စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရေး

## ပေါက်တောမြို့ ကျောက်ဆိပ်ကျေးရွာ၌ ဆွေးနွေး

**ပေါက်တော ဇူလိုင် ၁၉**

ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်နှင့် ဝန်ထမ်းများ ဇူလိုင် ၆ရက်က ကျောက်ဆိပ်ကျေးရွာ၌ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရေး ဆွေးနွေးသည်။

### ပေးအပ်လှူဒါန်း

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးက ကျောက်ဆိပ်ကျေးရွာ စာကြည့်တိုက် အခိုင်အမာ အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေးနှင့် စာကြည့်တိုက် ပိုမိုရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားရာ စာကြည့်တိုက် ဆောက်လုပ်မည့် စာကြည့်တိုက်ကော်မတီ နာယကနှင့် ကော်မတီဝင်များက အဆောက်အအုံသစ်ကို အမြန်ဆုံး ဆောက်လုပ်နိုင်ရေး ပြန်လည်တင်ပြဆွေးနွေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

## ကြပ်မတ်ဆောင်ရွက်

**အောင်လံမြို့အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇူလိုင် ၅ရက်က လမ်းမတော်လမ်းတစ်လျှောက် ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့ အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



20-7 (06).pmd 1 7/20/2010, 1:47 AM

ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၉ ရက်နေ့အထိ ကန်ရေပြင် နိမ့်/မြင့် အမှတ်ဟာ ၅၆၇ပေ ဖြစ်ပါတယ်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းရဲ့ စက်အမှတ်(၁)ကို ၁၈-၂-၂၀၁၀ ရက်မှာ စမ်းသပ်မောင်းနှင် လည်ပတ်ခဲ့ပြီး ၂၄-၂-၂၀၁၀ ရက်မှ စတင်ကာ ဓာတ်အား ထုတ်လုပ် ပို့လွှတ်လျက်ရှိပါတယ်။ စက်အမှတ်(၂)ကို ၈-၇-၂၀၁၀ ရက်မှာ စမ်းသပ်မောင်းနှင်လည်ပတ်ခဲ့ပြီး ၁၄-၇-၂၀၁၀ ရက်မှာ ဓာတ်အားထုတ်လုပ် ပို့လွှတ်လျက်ရှိပါတယ်။ အခုအချိန်မှာ စက်အမှတ်(၁)နဲ့ စက်အမှတ်(၂)တို့မှ တစ်ရက်လျှင် စုစုပေါင်း ဓာတ်အား ၃ ဒသမ ၃သန်း ကီလိုဝပ်နာရီထုတ်လုပ်ပြီး ဓာတ်အားစနစ်အတွင်း ပို့လွှတ်လျက်ရှိပါတယ်။ စက်အမှတ်(၃)နဲ့ စက်အမှတ်(၄)တို့ကို တပ်ဆင်ဆောင်ရွက်ဆဲဖြစ်ပြီး စီမံကိန်းတစ်ခုလုံးရဲ့ ၉၆ဒသမ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ လာမယ့် အောက်တိုဘာလမှာ စီမံကိန်းတစ်ခုလုံး ရာခိုင်နှုန်းပြည့်ပြီးစီးမှာဖြစ်ကြောင်း သိရပါတယ်။

## ဆက်လက်တည်ဆောက်

ဆောင်ရွက်ဆဲရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်းတွေနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတွေ အားလုံးပြီးစီးသွားတဲ့အခါ စုစုပေါင်း တပ်ဆင်စက်အင်အား ၄၁၁၂ ဒသမ ၅၀ မဂ္ဂါဝပ် ရှိလာမှာဖြစ်ပါတယ်။ ဆက်လက်တည်ဆောက်သွားမယ့် ရေအားလျှပ်စစ်စီမံကိန်းတွေကတော့ မွန်ပြည်နယ်မှာ ဘီးလင်း ၂၈၀ မဂ္ဂါဝပ်နဲ့ ကရင်ပြည်နယ်မှာ ဒယိုင်းချောင်း ၂၅ မဂ္ဂါဝပ်တို့ပဲ ဖြစ်ပါတယ်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနဲ့ ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံတွေ တည်ဆောက်ဖွင့်လှစ်ပေးနေသလို အခြားတစ်ဖက်ကလည်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ဖို့ မဟာဓာတ်အားလိုင်းတွေ၊ ပင်မဓာတ်အားခွဲရုံကြီးတွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ မဟာဓာတ်အား လိုင်းနဲ့ ပင်မဓာတ်အားခွဲရုံတွေကို ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်ပြီးစီး မယ့် အချိန်နဲ့တစ်ပြေးညီ တည်ဆောက်ပြီးစီးဖို့ စီစဉ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်ကို တိုးချဲ့တည်ဆောက်လျက်ရှိပါတယ်။

## အကောင်အထည်ဖော်

ယခင်ရှိပြီးသား မဟာဓာတ်အားလိုင်းတွေအပြင် မဟာဓာတ်အားလိုင်း

ဖြစ်လို့ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ပါတယ်။ နိုင်ငံတကာ နယ်ပယ်စုံမှာ ရင်ပေါင်တန်း ထိုးဖောက်ယှဉ်ပြိုင်နိုင်မှာဖြစ်လို့ မျိုးဆက်သစ်တွေအတွက် ရေရှည်အကျိုးစီးပွား ခံစားကြရမှာဖြစ်ပါတယ်။

## လက်ညှိုးထိုးမလွဲ

၁၉၈၈ခုနှစ် နောက်ပိုင်းမှာ နိုင်ငံတော်အစိုးရအနေနဲ့ ဒီဇယ်၊ ဓာတ်ငွေ့နဲ့ ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံတွေ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံတွေနဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို ဒီလောက်အထိ လက်ညှိုးထိုးမလွဲ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပေမယ့်လည်း လောလောဆယ် မှာတော့ နိုင်ငံတစ်ဝန်း လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပါဘူး။ ရန်ကုန်မြို့ အပါအဝင် နယ်မြေဒေသ အချို့မှာ လျှပ်စစ်ဓာတ်အားကို ၂၄နာရီပတ်လုံး လိုအပ်သလောက် ဖြန့်ဖြူး ပေးနိုင်ခြင်းမရှိသေးတာကို တွေ့ရမှာဖြစ်ပါတယ်။

တကယ်တမ်းကျတော့ ၁၉၈၈ခုနှစ် ဒီဘက်ပိုင်းမှာ ပြည်နယ်နှင့်တိုင်း အနှံ့အပြား စက်မှုဇုန်တွေ ထူထောင်ပေးခဲ့တာနဲ့အမျှ စက်ရုံ၊ အလုပ်ရုံတွေ တိုးတက်များပြားလာခဲ့ပါတယ်။ မြို့သစ်တွေ ပေါ်ပေါက်လာသလို အဆင့်မြင့် အိမ်ရာတွေ၊ အထပ်မြင့်အိမ်ရာတွေ တစ်ဟုန်ထိုး တည်ဆောက်လာခဲ့ကြပါ တယ်။ အရင်က အိမ်တစ်အိမ်မှာ မီတာဘောက်တစ်ခုသာရှိခဲ့ရာက အဲဒီ နေရာမှာ နှစ်ခန်းတွဲလေးထပ်တိုက်တစ်လုံး ဆောက်လိုက်ခြင်းအားဖြင့် မီတာ ဘောက်ရှစ်ခုရှိလာပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုကလည်း ရှစ်ဆရှိလာမှာ ဖြစ်ပါတယ်။ အိမ်တစ်အိမ်ချင်းမှာတောင် အဲဒီလိုအခြေအနေမျိုးရှိနေရင် လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ဘယ်လောက် ဓာတ်အား သုံးစွဲမှု မြင့်တက်လာမယ်ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။

## တိုးတက်များပြား

မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ပုံမှန်တိုးတက်လျက်ရှိပြီး အခုဆိုရင် လူဦးရေ သန်း၆၀ခန့် ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီလိုလူဦးရေ တိုးတက်လာတဲ့အပြင် ခေတ်ကာလအလျောက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုလည်း ပိုမိုမြင့်မားလာခဲ့ပါ တယ်။ လျှပ်စစ်ဓာတ်အားနဲ့မကင်းတဲ့ ရုပ်မြင်သံကြားပြစက်၊ ကွန်ပျူတာ၊

တိုင်းတာခြင်းကနေ နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်တဲ့အထိ နှစ်ပေါင်းများစွာ အချိန်ယူပြီး အဆင့်ဆင့်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို လူသူမနီးတဲ့ တောတောင်တွေထဲက ရေအရင်းအမြစ်ရှိရာ နေရာတွေမှာ တည်ဆောက်ရတာဖြစ်လို့ ဘယ်လောက် အပင်ပန်းအဆင်းရဲခံပြီး တည်ဆောက်ရတယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။ ဒါပေမယ့်လည်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတစ်ရုံဟာ တည်ဆောက်ရတဲ့ကာလ ကြာရှည်ပြီး ခက်ခဲပေမယ့် နှစ်ပေါင်းများစွာအထိ အကျိုးကျေးဇူးခံစားရတယ်ဆိုတာ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကာလကို လွန်မြောက်ခဲ့တဲ့ ကယားပြည်နယ်က ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးက သက်သေခံနေပါတယ်။

## ကြိုးပမ်းအကောင်အထည်ဖော်

ရခိုင်ပြည်နယ်လို တောင်ကုန်း တောင်တန်းနဲ့ မြစ်ချောင်းပေါများတဲ့ ဒေသမှာ ရေအားလျှပ်စစ်စီမံကိန်းတွေ အကောင်အထည်ဖော်ရတာ လွန်စွာမှ ခက်ခဲပါတယ်။ မိုးရွာသွန်းမှုများပြားတဲ့ ဒေသဖြစ်လို့ မိုးရာသီမှာ လုပ်ငန်းတွေ ရပ်စဲထားရပြီး မိုးကုန်မှ လုပ်ငန်းပြန်စရတာမျိုးပါ။ စက်ယန္တရားတွေကို လုပ်ငန်းခွင်ရောက်ဖို့ သယ်ယူပို့ဆောင်စရိတ် အမြောက်အမြားသုံးစွဲပြီး ခက်ခက်ခဲခဲ သယ်ယူရပါတယ်။ ၁၉၈၈ခုနှစ် မတိုင်မီက အစိုးရအဆက်ဆက် အိပ်မက်သာ မက်နိုင်ခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်းမှာ ရထားလမ်းဖောက်လုပ်ခြင်းနဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းတွေကို နိုင်ငံတော်အစိုးရက ကြိုးပမ်းအကောင်အထည်ဖော်နေတာဟာ ပြည်သူတွေအပေါ်ထားရှိတဲ့ စိတ်ရင်းစေတနာအမှန်ကို ဖော်ပြနေတာပဲဖြစ်ပါတယ်။

အခုအခါမှာ ရန်ကုန်မြို့နေ ပြည်သူတွေ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးအတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက မုတ္တမကမ်းလွန်

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*



**စိုင်းဒင်ရေအား လျှပ်စစ်စီမံကိန်း**

**မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်ရှိ တည်ဆောက်ဆဲ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။**



**ပြည်သူများသို့ လျှပ်စစ်မီးပေးနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လုပ်သားကြီးများ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရေးလုပ်ငန်းကို ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်ကြရသည်။**

စီမံကိန်းဖြစ်တဲ့ ပန်လုံ-နမ့်ဆန် (၆၆)ကေဗွီဓာတ်အားလိုင်း ၁၈မိုင် စီမံကိန်းနဲ့ ပင်မဓာတ်အားခွဲရုံ စီမံကိန်းဖြစ်တဲ့ နမ့်ဆန်(၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းတို့ကို အကောင်အထည်ဖော် တည်ဆောက်ပြီးဖြစ်ပါတယ်။

ဆောင်ရွက်ဆဲစီမံကိန်းတွေကတော့ မဟာဓာတ်အားလိုင်းစီမံကိန်းနှစ်ခု ဖြစ်တဲ့ ကျောက်ပုထိုး-ရွှေကူ-ဗန်းမော်(၆၆)ကေဗွီဓာတ်အားလိုင်းမှ နဘား ဓာတ်အားခွဲရုံသို့ အဝင်/အထွက် ဓာတ်အားလိုင်း ၃ မိုင်စီမံကိန်းနဲ့ လက်ရှိ ကျွန်းချောင်း-ပခုက္ကူ(၆၆)ကေဗွီဓာတ်အားလိုင်း ၉ဒသမ၅မိုင် စီမံကိန်း၊ ပင်မ ဓာတ်အားခွဲရုံစီမံကိန်းနှစ်ခုဖြစ်တဲ့ နဘား(၆၆/၃၃/၁၁)ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံနဲ့ ကမ္မဓာတ်အားပေးစက်ရုံမှာ (၆၆/၁၁) ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ဖြစ်ပါတယ်။

## စီမံကိန်းအသစ်

ဆက်လက်ဆောင်ရွက်မယ့် စီမံကိန်းအသစ် (၁၁)ခုကတော့ မဟာ ဓာတ်အားလိုင်းစီမံကိန်းငါးခုဖြစ်တဲ့ လှိုင်သာယာ-အလုံ (၂၃၀)ကေဗွီ၊ Twin Bundle., Single Circuit မဟာဓာတ်အားလိုင်း ၁၅မိုင်၊ လှိုင်မြစ်ကျော် (အလုံ) (၂၃၀) ကေဗွီ Twin Bundle., Single Circuit မဟာဓာတ်အားလိုင်း ၀ ဒသမ ၉မိုင်၊ သထုံ-မော်လမြိုင် Twin Bundle., Single Circuit မဟာ ဓာတ်အားလိုင်း မိုင် ၆၀၊ နဘား-မိုးညှင်း(၆၆)ကေဗွီဓာတ်အားလိုင်း ၅၅မိုင်၊ ပင်မဓာတ်အားခွဲရုံစီမံကိန်း ခြောက်ခုဖြစ်တဲ့ လှိုင်သာယာပင်မဓာတ်အားခွဲရုံမှာ Substation Bay Extension တစ်ခု တိုးချဲ့တည်ဆောက်ခြင်း၊ အလုံ(၂၃၀/၃၃) ကေဗွီ၊ (၂ X ၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ၊ သထုံဓာတ်အားပေးစက်ရုံမှာ (၂၃၀)ကေဗွီ Switch Bay တစ်ခု တိုးချဲ့တည်ဆောက်ခြင်း၊ မော်လမြိုင်မှာ (၂၃၀/၆၆/၁၁)ကေဗွီ၊ (၂X ၅၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ၊ မိုးညှင်း (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံနဲ့ မိုးကောင်း (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ဖြစ်ပါတယ်။

## လုံလောက်

တည်ဆောက်လျက်ရှိတဲ့စီမံကိန်းတွေ အကောင်အထည်ဖော်ပြီးစီးတဲ့အခါ ဖြစ်ပေါ်တိုးတက်လာမယ့် လျှပ်စစ်ဓာတ်အားပမာဏဟာ ပြည်တွင်းသုံးအတွက် လုံလောက်ရုံသာမကဘဲ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့ကို ရောင်းချနိုင်မှာဖြစ်လို့ နိုင်ငံခြားဝင်ငွေပါရရှိလာမှာ ဖြစ်ပါ တယ်။ ဒါ့အပြင် Grater Mekomg Sub-Region ဓာတ်အားကွန်ရက်နဲ့ ချိတ်ဆက်ပြီး အာဆီယံနိုင်ငံတွေနဲ့ဆက်သွယ်ကာ ဓာတ်အားထုတ်လုပ်မှုတွေ ပြုလုပ်လာနိုင်မှာဖြစ်ပါတယ်။

ပြည်တွင်းသုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက် လုံလောက်လာတာနဲ့အမျှ လျှပ်စစ်ဓာတ်အားကို အပြည့်အဝသုံးစွဲပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာ

ပန်ကာ၊ မိတ္တူကူးစက်၊ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မီးပူ၊ လျှပ်စစ်မီးဖို၊ ထမင်းပေါင်းအိုး၊ အဝတ်လျှော်စက် စတဲ့ လူ့အသုံးအဆောင် ပစ္စည်းတွေ အသုံးပြုမှု အဆမတန် တိုးတက်များပြားလာခဲ့သလို စက်ရုံ၊ အလုပ်ရုံတွေရဲ့ လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏလည်း ယခင်တုန်းကနဲ့ မယှဉ်သာလောက် အောင် များလာတာအမှန်ပါပဲ။ ဒါကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြန်ကြည့်ရင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုနဲ့ ဓာတ်အားလိုအပ်မှု အချိုး မညီဘဲ ဖြစ်လာခဲ့ပါတယ်။

မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာသာ ဒီလို လျှပ်စစ်ဓာတ်အားလိုအပ်ချက် ရှိနေတာမဟုတ်ဘဲ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနဲ့ လာအိုတို့အပြင် ကမ္ဘောဒီးယားနိုင်ငံမှာလည်း ဓာတ်အားလိုအပ်ချက် တွေရှိနေပါတယ်။ ဒါ့ကြောင့်အဲဒီနိုင်ငံတွေဟာ ပြည်တွင်းဓာတ်အားလိုအပ် ချက်ကို ဖြည့်ဆည်းနိုင်ဖို့ တစ်ဖက်က လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့ တည်ဆောက်နေရသလို တစ်ဖက်ကလည်း ပြည်ပနိုင်ငံတွေဆီက လျှပ်စစ် ဓာတ်အား ဝယ်ယူသုံးစွဲနေရပါတယ်။

## ရှာဖွေဖော်ထုတ်

တရုတ်နိုင်ငံမှာ ပြည်တွင်းသုံးစွဲမှုလုံလောက်ပေမယ့် ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတို့ကို လျှပ်စစ်ဓာတ်အား ရောင်းချနေတာမို့ ဓာတ်အားထပ်မံ ရရှိနိုင်မယ့် အရင်းအမြစ်တွေကို ရှာဖွေဖော်ထုတ်နေဆဲ ဖြစ်ပါတယ်။ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်နေပေမယ့်လည်း စက်မှုကဏ္ဍ တိုးတက်လာတာနဲ့အမျှ 'သမင်မွေးရင်း၊ ကျားစားရင်း' ဆိုသလို ဓာတ်အားလိုအပ်ချက် မြင့်မားနေဆဲ ဖြစ်တာကို တွေ့ရပါတယ်။

## နေ့မအား၊ ညမနား

နိုင်ငံတော်အနေနဲ့ အရင်ရှိပြီးသား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု ပမာဏနဲ့ မလုံလောက်တော့တဲ့အခါမှာ လျှပ်စစ်ဓာတ်အားထုတ်ယူရရှိနိုင်မယ့် အရင်းအမြစ်တွေကို ထပ်မံရှာဖွေဖို့အစီအမံတွေ ချမှတ်လုပ်ဆောင်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် အရင်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး နိုင်ခြင်းမရှိတဲ့ ဒေသတွေအတွက်လည်း ထည့်သွင်းစဉ်းစားပြီး ရေအားလျှပ်စစ် စီမံကိန်းတွေကို ငွေကုန်ကြေးကျများစွာခံပြီး နေ့မအား၊ ညမနား အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့်လည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက် ခြင်းလုပ်ငန်းဟာ 'ခုရေတွင်းတူး၊ ခုရေကြည်သောက်' လို့ရတဲ့ လုပ်ငန်းမျိုး မဟုတ်ပါဘူး။ ရေအားအရင်းအမြစ် တည်ရှိရာနေရာတွေကို ရှာဖွေစူးစမ်း

## ၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း
## ဖွံ့ဖြိုးတိုးတက်လာသော လျှပ်စစ်စွမ်းအားကဏ္ဍ

| စဉ် | စက်ရုံများ | အရေအတွက် | စက်တပ်ဆင်အား (မဂ္ဂါဝပ်) | တစ်နှစ်ထုတ်လုပ်နိုင်မည့် ကီလိုဝပ်နာရီသန်းပေါင်း |
|---|---|---|---|---|
| ၁ | လက်ရှိဓာတ်အားပေးစက်ရုံများ | ၃၁ | ၂၄၅၃·၄ | ၁၅၀၃၇·၅ |
| ၂ | တည်ဆောက်ဆဲစီမံကိန်းများမှဖြစ်ပေါ်လာမည့်ဓာတ်အားပေးစက်ရုံများ | ၆၁ | ၄၁၁၃·၅ | ၂၀၈၇၅၃·၃၃ |
| ၃ | ဆက်လက်တည်ဆောက်မည့်စီမံကိန်းများမှ ဖြစ်ပေါ်လာမည့် ဓာတ်အားပေးစက်ရုံများ | ၂ | ၃၀၅·၀၀ | ၁၅၉၉ |
| | စုစုပေါင်း | ၉၄ | ၄၃၈၇၁·၉၀ | ၂၂၅၃၈၉·၈၃ |

## စီမံကိန်းကာလအလိုက် တိုးတက်ရရှိလာမည့် စက်တပ်ဆင်အား

| စဉ် | စီမံကိန်းကာလ/နှစ် | စီမံကိန်းကာလတွင် ရရှိလာမည့် လျှပ်စစ်စက်တပ်ဆင်အား မဂ္ဂါဝပ် |
|---|---|---|
| ၁ | ပထမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၀၅-၂၀၀၆)ခုနှစ် | ၃၁၈၆ |
| ၂ | ဒုတိယ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၁၀-၂၀၁၁)ခုနှစ် | ၈၆၂၀ |
| ၃ | တတိယ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၁၅-၂၀၁၆)ခုနှစ် | ၁၁၁၅၄ |
| ၄ | စတုတ္ထ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၂၀-၂၀၂၁)ခုနှစ် | ၁၂၀၇၆ |
| ၅ | ပဉ္စမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၂၅-၂၀၂၆)ခုနှစ် | ၁၇၂၀၂ |
| ၆ | ဆဋ္ဌမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၃၀-၂၀၃၁)ခုနှစ် | ၂၃၃၂၄ |

## သူ့ငွေး ရေအားလျှပ်စစ် စီမံကိန်း

ရခိုင်ပြည်နယ် သံတွဲမြို့ အရှေ့မြောက်ဘက်၌ ယန္တရားကြီးများဖြင့် အကောင်အထည်ဖော် တည်ဆောက်နေသော သူ့ငွေးရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းခွင် မြင်ကွင်း….။



*စာမျက်နှာ ၉ မှ*

ရတနာသဘာဝဓာတ်ငွေ့မြေမှ ရတနာ-ရန်ကုန် ၂၄လက်မ ပြည်တွင်းသုံး ကမ်းလွန်ပိုက်လိုင်းကို မိုင်ပေါင်း ၁၇၉ ဒသမ ၆၄မိုင်အတွက် အမေရိကန် ဒေါ်လာသန်းပေါင်း ၂၇၀ခန့် အကုန်အကျခံ သွယ်တန်းတည်ဆောက်ပေးခဲ့ပါတယ်။

### ပိုမိုဖြည့်ဆည်းပေးနိုင်

ပြီးခဲ့တဲ့ ဇွန်လ ၈ရက်က ရတနာသဘာဝဓာတ်ငွေ့မြေမှ ၂၄လက်မ ပိုက်လိုင်းသစ်ကနေ ရန်ကုန်မြို့ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ) (Gas Distribution Station) သို့ သဘာဝဓာတ်ငွေ့တွေ စတင်ပေးပို့ခဲ့ပါတယ်။ အဲဒီ ရွာမစခန်းကနေ ဇွန်လ ၁၂ရက်ကစတင်ပြီး ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့တွေကို တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ အခုဆိုရင် ရန်ကုန်မြို့ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ပိုမိုဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

### ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရက တည်ဆောက်ပေးပြီးဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေ၊ တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေနဲ့ ထပ်မံတည်ဆောက်မယ့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေဟာ အဖိုးမဖြတ်နိုင်တဲ့ အမျိုးသားအမွေအနှစ်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စိတ်ရင်းစေတနာမှန်ကန်မှုနဲ့ အမြော်အမြင်ကြီးမားမှုတို့ဖြင့် ပေါ်ပေါက်တည်ရှိလာတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေဟာ အနာဂတ်မျိုးဆက်သစ်တွေ အကျိုးခံစား ကြရမှာဖြစ်လို့ ရေရှည်တည်တံ့ပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် နောင်အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် သွားကြရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

### အနီးစပ်ဆုံးနှင့် အမြန်ဆုံးပြီးစီးသွားနိုင်မည့် စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | စက်တပ်ဆင်အား (မဂ္ဂါဝပ်) | ပြီးစီးမည့်ခုနှစ် |
|---|---|---|---|
| ၁ | ရဲရွာစီမံကိန်း | ၇၉၀ | ၂၀၁၀ |
| ၂ | ရွှေကျင်စီမံကိန်း | ၇၅ | ၂၀၁၀ |
| ၃ | ချီဖွေငယ်စီမံကိန်း | ၉၉ | ၂၀၁၁ |
| ၄ | ကွန်းချောင်းစီမံကိန်း | ၆၀ | ၂၀၁၁ |
| ၅ | ဖြူးချောင်းစီမံကိန်း | ၄၀ | ၂၀၁၁ |
| ၆ | နန်ချိုစီမံကိန်း | ၄၀ | ၂၀၁၁ |
| ၇ | တာပိန်(၁)စီမံကိန်း | ၂၄၀ | ၂၀၁၁ |
| ၈ | အထက်ပေါင်းလောင်းစီမံကိန်း | ၁၄၀ | ၂၀၁၂ |
| ၉ | သောက်ရေခပ်(၂)စီမံကိန်း | ၁၂၀ | ၂၀၁၂ |
| ၁၀ | ဘီလူးချောင်း(၃)စီမံကိန်း | ၅၂ | ၂၀၁၂ |
| | စုစုပေါင်း | ၁၆၅၆ | |

### နှစ်အလိုက် လျှပ်စစ်စက်တပ်ဆင်အား တိုးတက်လာမည့်အခြေအနေ (၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တစ်နှစ်ပြီးတစ်နှစ် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိမည့်အခြေအနေ)

| ခုနှစ် | စက်ရုံ အရေအတွက် | လက်ရှိ လျှပ်စစ် စက်တပ်ဆင်အား (မဂ္ဂါဝပ်) | တိုးတက်လာမည့် လျှပ်စစ်စက်တပ်ဆင်အား (မဂ္ဂါဝပ်) | ရှိလာမည့်လျှပ်စစ်စက် တပ်ဆင်အား |
|---|---|---|---|---|
| ၂၀၀၉ | ၃၀ | ၂၂၅၅·၉ | - | ၂၂၅၅·၉ |
| ၂၀၁၀ | ၃၂ | - | ၈၆၅ | ၃၁၂၀·၉ |
| ၂၀၁၁ | ၃၇ | - | ၄၇၉ | ၃၅၉၉·၉ |
| ၂၀၁၂ | ၄၀ | - | ၃၁၂ | ၃၉၁၁·၉ |

### ဆက်လက်တည်ဆောက်လျက်ရှိသည့် စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်နေရာ ပြည်နယ်/တိုင်း | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | မြစ်ဆုံ | ကချင် | ၆၀၀၀ |
| ၂ | ယီနန် | ကချင် | ၁၂၀၀ |
| ၃ | ခေါင်လံဖူး | ကချင် | ၂၇၀၀ |
| ၄ | ဖီဇော | ကချင် | ၂၀၀၀ |
| ၅ | ဝူဆောက် | ကချင် | ၁၈၀၀ |
| ၆ | ချီဖွေ | ကချင် | ၂၈၀၀ |
| ၇ | ချီဖွေငယ် | ကချင် | ၉၉ |
| ၈ | လိုက်ဇာ | ကချင် | ၁၉၀၀ |
| ၉ | တာပိန်(၁) | ကချင် | ၂၄၀ |
| ၁၀ | တာပိန်(၂) | ကချင် | ၁၆၈ |
| ၁၁ | တာခ | ကချင် | ၆ |
| ၁၂ | နော်ချမ်းခ (စီမံကိန်း-၅ခု) | ကချင် | ၁၀၅၅ |
| ၁၃ | ဘီလူးချောင်း(၃) | ကယား | ၅၂ |
| ၁၄ | ရွာသစ် | ကယား | ၆၀၀ |
| ၁၅ | နမ့်ပွန် (စီမံကိန်း-၅ခု) | ကယား | ၁၃၀ |
| ၁၆ | နမ့်တဘတ် | ကယား | ၁၁၀ |
| ၁၇ | ဟတ်ကြီး | ကရင် | ၁၃၆၀ |
| ၁၈ | စိုင်းဒင် | ရခိုင် | ၇၆·၅ |
| ၁၉ | လေးမြို့ | ရခိုင် | ၅၀၀ |
| ၂၀ | အမ်းချောင်း | ရခိုင် | ၁၀ |
| ၂၁ | သူ့ငွေး | ရခိုင် | ၁၁၁ |
| ၂၂ | တာဆန်း | ရှမ်း | ၇၁၁၀ |
| ၂၃ | ရွှေလီ(၂) | ရှမ်း | ၅၂၀ |
| ၂၄ | ရွှေလီ(၃) | ရှမ်း | ၁၀၅၀ |
| ၂၅ | အထက်သံလွင် | ရှမ်း | ၁၄၀၀ |
| ၂၆ | အထက်ရဲရွာ | ရှမ်း | ၂၈၀ |
| ၂၇ | အထက်ဘီလူးချောင်း | ရှမ်း | ၂၉ |
| ၂၈ | အထက်ကျိုင်းတောင်း | ရှမ်း | ၅၁ |
| ၂၉ | နောင်ဖ/မန်တောင်း (စီမံကိန်း-၂ခု) | ရှမ်း | ၁၂၀၀ |
| ၃၀ | နမ့်လွေ (စီမံကိန်း-၅ခု) | ရှမ်း | ၄၅၂ |
| ၃၁ | နမ့်ခ | ရှမ်း | ၂၀၀ |
| ၃၂ | ရွှေစာရေး | စစ်ကိုင်း | ၆၆၀ |
| ၃၃ | မော်လိုက် | စစ်ကိုင်း | ၅၂၀ |
| ၃၄ | ထမံသီ | စစ်ကိုင်း | ၁၂၀၀ |
| ၃၅ | မဏိပူ | စစ်ကိုင်း | ၃၈၀ |
| ၃၆ | တနင်္သာရီ | တနင်္သာရီ | ၆၀၀ |
| ၃၇ | သကျက် | တနင်္သာရီ | ၂၀ |
| ၃၈ | အညာဖျား | တနင်္သာရီ | ၉ |
| ၃၉ | ဘောဂတ | ပဲခူး | ၁၆၈ |
| ၄၀ | ကွန်းချောင်း | ပဲခူး | ၆၀ |
| ၄၁ | ဖြူးချောင်း | ပဲခူး | ၄၀ |
| ၄၂ | သောက်ရေခပ်(၂) | ပဲခူး | ၁၂၀ |
| ၄၃ | ရွှေကျင် | ပဲခူး | ၇၅ |
| ၄၄ | အထက်ပေါင်းလောင်း | မန္တလေး | ၁၄၀ |
| ၄၅ | နန်ချို | မန္တလေး | ၄၀ |
| ၄၆ | ရဲရွာ | မန္တလေး | ၇၉၀ |
| ၄၇ | အထက်ဆည်တော်ကြီး | မန္တလေး | ၆၄ |
| ၄၈ | အထက်ဖူး | မကွေး | ၁၅၀ |

# နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး အစည်းအဝေးကျင်းပ
## တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၁၉**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဇူလိုင် ၁၆ရက်တွင် တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကော်မတီဝင်နှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖြည့်စွက်မှာကြား**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ခိုအောင်းနေကြောင်း တွေ့ရှိရ၍ ပိုမိုအလားအလာကောင်းသည့် ပေနက်သဲကြောသစ်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ပေနက်တွင်းတူးစက်ကြီးများ အသုံးပြုကာ စမ်းသပ်တူးဖော်စေခြင်းဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်တစ်ခုပေါ်ပေါက်ရန် အလားအလာကောင်းများရှိသဖြင့် သတ်မှတ်ကာလများအတိုင်း တူးဖော်ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ZJ 50D SR 1 ပေနက်တွင်းတူးစက်ဖြင့် မအူပင်(တောင်) ပေနက်အစမ်းတွင်းအမှတ်(၁) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်တုန်းမြို့နယ် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေအတွင်းရှိ အသစ်တည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်ရုံတွင် Compressor များ တပ်ဆင်နေသော လုပ်ငန်းခွင်ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေအတွင်း ထုတ်လုပ်ရေး စုပေါင်းသံကန်တန်းအမှတ်(၁)သို့ ရောက်ရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးကာ လေလွင့်မှုနည်းပါးရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ မအူပင်(တောင်)ပေနက်အစမ်းတွင်းအမှတ်(၁)အား ZJ 50D SR 1 ပေနက်တွင်းတူးစက်ဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



# ပညာသင်ကြားမှု အထောက်အကူပြုပစ္စည်းများ
## တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်၌ ပေးအပ်

**ရန်ကုန် ဇူလိုင် ၁၉**

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရပ်ကွက်အတွင်းရှိ မူလတန်းကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၂၂ဦးတို့အား ပညာသင်ကြားမှု အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် နံနက် ၁၀နာရီက ရပ်ကွက်ရုံး၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်က ပစ္စည်းလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများနှင့်အတူ ရပ်မိရပ်ဖ စေတနာရှင်များက ရပ်ကွက်အတွင်းရှိ မူလတန်း ကျောင်းသား ကျောင်းသူ ၂၂ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၅၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂၁၀၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် (ဝဲပုံ)နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

(၁၇၁)



# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ် ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၇-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်းတန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၈။ **လူကူးမျဉ်းကျားမှကူးမယ်**
၈:၂၅ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Local Talent
၈:၅၅ ၁၂။ အတီးပြိုင်ပွဲ
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အကပြိုင်ပွဲ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြုများ) (သင်္ချာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနှယည်
၅:၃၀ ၈။ အေးမြသော လေညှင်းလေးများ
၅:၄၅ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ....ကိုယ့်ချစ်သူ** (အပိုင်း-၁)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ စည်းလုံးခြင်းရဲ့ ရလဒ်တွေ (နန္ဒဇော၊ တေးရေး- ဂီတစာဆို မျိုးနွယ်ဆွေ)
၁၉။ **ရယ်စရာဟာသများ**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၁၁)
၂၁။ ရုပ်ရှင်ပဟေဠိ
၂၂။ အစီအစဉ်ပြီး၏။

# မြဝတီရုပ်မြင်သံကြား

၂၀-၇-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၅ ၁၀။ မိုးသောက်ကြယ်
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၄၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၂၂)

# မိသားစုအလိုက် အလည်အပတ်နှင့် လေ့လာရေး
## ဩစတြေးလျ ခရီးစဉ်

**ရန်ကုန် ဇူလိုင် ၁၉**

မိသားစုအလိုက် အလည်အပတ်နှင့် လေ့လာရေးခရီးစဉ်အဖြစ် STI ပညာရေးနှင့် Western Australia အစိုးရ၊ ပညာရေးနှင့် သင်တန်းရေးရာဌာနတို့ ပူးပေါင်း၍ အောက်တိုဘာလတွင် ဩစတြေးလျနိုင်ငံ Perth မြို့သို့ ၁၀ရက်ခရီးစဉ် အစီအစဉ်ရှိကြောင်း သိရသည်။

**ပါဝင်**

၁၀ရက် ခရီးစဉ်တွင် ဩစတြေးလျ အစိုးရကျောင်းများမှ အုပ်ချုပ်သူများ ၊ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အချင်းချင်းမိတ်ဆက်ခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်း၊ ခရီးစဉ်အတွင်း အစိုးရကျောင်းများ၌ ပညာသင်ကြားခြင်း၊ ကျောင်းများလေ့လာခြင်း၊ ရင်းရင်းနှီးနှီး အတူတကွစားသောက်ခြင်း၊ ဩစတြေးလျမိသားစုဝင်များနှင့် အတူနေထိုင်ခြင်း (Homestay)တို့ ပါဝင်မည်ဖြစ်သည်။

လေ့လာရေးကာလတစ်လျှောက် လေယာဉ်စရိတ်(အသွားအပြန်)၊ လေယာဉ်ကွင်း အကြိုအပို့၊ သင်တန်းကြေး၊ ကြိုဆိုနှုတ်ခွန်းဆက်ပွဲ၊ ကျောင်းဆင်းပွဲ၊ ကျောင်းလေ့လာရေး ခရီးစဉ်များ၊ အခြားလေယာဉ်ခရီးစဉ်များစရိတ်၊ ကျန်းမာရေးအာမခံ၊ Visa letter, homestay (စားသောက်စရိတ်များအပါအဝင်)များ အားလုံးအကျုံးဝင်သည်။ ကျောင်းဆင်းပွဲနေ့တွင် သင်တန်းဆင်းလက်မှတ် ချီးမြှင့်မည်ဖြစ်ပြီး ကျောင်းမှ သင်ကြားရေးဝန်ထမ်းများက ကျောင်းသားတစ်ဦးချင်း၏ စွမ်းဆောင်မှုများကို ပြန်လည်သုံးသပ်ပြမည်ဖြစ်သည်။

**ဆက်သွယ်မေးမြန်း**

၁၀ရက်တာကာလတွင် နေ့စဉ်သင်ကြားရေးနှင့် လေ့လာရေး အချိန်ဇယားနှင့် ကျန်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အဆောင်-၄ အခန်း-၇ Myanmar Info- Tech လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း-၅၀၇၀၄၈၊ ၂၅၀၀၅၆၊ ၅၀၇၁၅၁၊ ၇၀၀၂၇၃ နှင့် ၅၀၇၁၅၂တို့သို့ လူကိုယ်တိုင် (သို့မဟုတ်) တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းကန်ပေါင်ဘေးတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးရာသို့ ဇူလိုင် ၁၂ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမင်းညွှန့် ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖေဝင်းသူက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

# ကြွက်ကာကွယ်နှိမ်နင်းရေး
## နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် မျိုးပွားနှုန်းမြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည် -

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## တိုက်စစ်မှူး အွန်နရီ အာဆင်နယ်သို့ ပြန်လာလိုဟုဆို

မြင့်မောင်စိုး - စုစည်းသည်



လန်ဒန် ဇူလိုင် ၁၉

ပြင်သစ်တိုက်စစ်မှူး အွန်နရီက ၎င်းအနေဖြင့် အာဆင်နယ်သို့ ပြန်လာပြီး ဘောလုံးသမားဘဝကို အဆုံးသတ်လိုကြောင်း ထုတ်ဖော်ပြောကြားသည်။

အသက် ၃၂နှစ်ရှိ တိုက်စစ်မှူး အွန်နရီသည် အာဆင်နယ်အသင်းတွင် ရှစ်နှစ်ကြာ ကစားခဲ့ပြီး ဘာစီလိုနာသို့ ထွက်ခွာခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့် သီတင်းပတ်က ဘာစီလိုနာမှ အမေရိကန် မေဂျာလိဂ်ကလပ် နယူးယောက် ရက်ဘူးလ်သို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

မိမိအနေဖြင့် အာဆင်နယ်သို့ပြန်လာပြီး အာဆင်နယ်နှင့်အတူ ဖလားများဆွတ်ခူးရန် ဆန္ဒရှိကြောင်း၊ မိမိ၏အောင်မြင်သော ဘောလုံးသမားဘဝကို အာဆင်နယ်မှ စခဲ့ခြင်းကြောင့် အာဆင်နယ်မှာသာ အဆုံးသတ်စေလိုကြောင်း တိုက်စစ်မှူး အွန်နရီက ပြောကြားသည်။ အွန်နရီသည် အာဆင်နယ်တွင် ရှစ်နှစ်ကြာကစားခဲ့ပြီး အသင်းအတွက် ဂိုးပေါင်း ၂၂၆ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ (အင်တာနက်)

## ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ တောင်အာဖရိကလူငယ် ဖလားဆွတ်ခူး



စိန့်အင်ဒရူး ဇူလိုင် ၁၉

တောင်အာဖရိကနိုင်ငံမှ လူငယ် ဂေါက်သီးကစားသမား လူးဝစ်အူးစ်သုဇန်သည် ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အခြားပြိုင်ဘက်များထက် ခုနစ်ချက်အသာ ရိုက်ပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

### ယှဉ်ပြိုင်

အသက် ၂၇နှစ်ရှိ အူးစ်သုဇန်သည် အဆိုပါ ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ပထမဆုံး ဂရင်းဆလမ်ဖလားဖြစ်သည်။ ၎င်းသည် နောက်ဆုံးနေ့က အမေရိကန် ဂေါက်သီးကစားသမား ပေါလ်ကေစီထက် လေးချက်အသာရနေရာမှ စတင်ယှဉ်ပြိုင်ခဲ့သည်။ နောက်ဆုံးနေ့တွင် ၇၁ချက် ရိုက်ခဲ့သည်။

အူးစ်သုဇန်သည် ပြိုင်ပွဲတစ်လျှောက်လုံး သတ်မှတ်ရိုက်ချက်ထက် စုစုပေါင်း ၁၆ ချက် လျှော့ရိုက်နိုင်ခဲ့သည်။ ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်သည် ယင်းပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ဖလားဆွတ်ခူးရန် ကြိုးစားခဲ့သော်လည်း ဆုဖလားနှင့် လွဲခဲ့ရသည်။ (အင်တာနက်)

## အိုဇီးလ်အား ရောင်းရန်အသင့်ရှိ ဝါဒါဘရီမင် ပြောကြား



ဘာလင် ဇူလိုင် ၁၉

ဂျာမနီ လက်ရွေးစင်လူငယ်ကစားသမား အိုဇီးလ်အား ရောင်းရန်အသင့်ရှိကြောင်း ဝါဒါဘရီမင် အသင်းညွှန်ကြားရေးမှူး လော့စ်အောလော့ဖ်က ဝန်ခံပြောကြားလိုက်သည်။

အသက် ၂၁နှစ်သာ ရှိသေးသည့် အိုဇီးလ်သည် ပြီးခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်း၌ ပါဝင်ကစားခဲ့ပြီး ခြေစွမ်းပြ ကစားပေးနိုင်ခဲ့သူဖြစ်သည်။

အိုဇီးလ်အား နွေရာသီက ကမ်းလှမ်းထားသောအသင်းများတွင် ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ မန်ယူနှင့် အာဆင်နယ်တို့ ပါဝင်သည်။ ဂျာမနီအသင်း ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယဆုဆွတ်ခူးနိုင်ခဲ့မှုမှာ အိုဇီးလ်၏ အဓိက ပံ့ပိုးမှုများကြောင့်ပင် ဖြစ်သည်။ (အင်တာနက်)

## ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ပြိုင်ပွဲသုံးပွဲနှင့် လွဲချော်မည်



နယူးယောက် ဇူလိုင် ၁၉

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဆီရီနာဝီလျံသည် လွန်ခဲ့သော သီတင်းပတ်က စားသောက်ဆိုင်တစ်ဆိုင်၌ ချော်လဲပြီး ဒဏ်ရာရခဲ့သဖြင့် ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ သုံးပွဲ လွဲချော်လိမ့်မည် ဖြစ်သည်။

### စတင်ကျင်းပ

အသက် ၂၈နှစ်ရှိ ဆီရီနာဝီလျံသည် အစ္စတန်ဘူလ်၊ စင်စင်နာတီနှင့် မွန်ထရီရယ်ပြိုင်ပွဲများနှင့် လွဲချော်မည်ဖြစ်သည်။ ၎င်းသည် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲအတွက် အချိန်မီဒဏ်ရာသက်သာလာစေရန် ရှန်းကန်ကြိုးစားနေရသည်။ ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၃၀ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ (အင်တာနက်)

# ၂၀၁၄ ကမ္ဘာ့ဖလားပွဲနှင့် အိမ်ရှင်ဘရာဇီး

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ဆော်ပေါလို ဇူလိုင် ၁၉

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံက ၂၀၁၀ ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းက ဘရာဇီးနိုင်ငံအတွက် ဖိအားတစ်ရပ် ဖြစ်ခဲ့လေပြီ။



ဘရာဇီးသမ္မတ ဒါဆီးလ်ဗား။

### သမိုင်းမှတ်တမ်း

ဘရာဇီးနိုင်ငံက ကမ္ဘာ့ဖလားဘောလုံးပွဲကို ၁၉၅၀ပြည့်နှစ်က အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့ဖူးသည်။ ယခု ၂၀၁၄ ခုနှစ်၌ ဒုတိယအကြိမ်အဖြစ် လက်ခံကျင်းပပေးမည်မှာ နှစ်ပေါင်း ၆၄နှစ်ကြာ ကွာခြားခဲ့ပြီးမှ ထပ်မံကျင်းပခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ တောင်အမေရိကတိုက်တွင် ဥရုဂွေးနှင့် အာဂျင်တီးနားနိုင်ငံတို့လည်း ကမ္ဘာ့ဖလားပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သည့် သမိုင်းမှတ်တမ်းရှိခဲ့သည်။

### ပြင်ဆင်

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ဘရာဇီးသမ္မတလူလာဒါဆီးလ်ဗားက "လာမယ့်သီတင်းပတ်မှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု အစည်းအဝေးတစ်ရပ် ကျင်းပဖို့ တာဝန်ရှိသူတွေကို ပြောကြားထားကြောင်း၊ ကမ္ဘာ့ဖလားပွဲကာလအတွင်း အသုံးပြုရန် လိုဂိုကိုလည်း ဗီဖာနှင့်ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ကစားကွင်းများ အပါအဝင် အခြေခံ အဆောက်အအုံများ ပြုလုပ်ရမည်ဖြစ်ကြောင်း" သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

### ကျင်းပမည်

ဘရာဇီးနိုင်ငံတွင် ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားပွဲနှင့် ၂၀၁၆ခုနှစ် အိုလံပစ်အားကစားပွဲတော်ကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် အားကစားကွင်း၊ လေဆိပ်များနှင့် ဟိုတယ်များကို ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုလုပ်မည် ဖြစ်သည်။ ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားပွဲအတွက် ဘောလုံးကွင်းအသစ် ၁၂ကွင်းကို နိုင်ငံတကာအဆင့်မီစွာ တည်ဆောက်မည် ဖြစ်သည်။ ယခုနှစ်မှ စတင်ကာ ဘရာဇီးနိုင်ငံတစ်ဝန်း ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပရာမြို့များ၏ အဓိက လေဆိပ် ၁၆ခုကို အမေရိကန် ဒေါ်လာ ၃ဒသမ၇ဘီလီယံ အကုန်အကျခံကာ ပြုပြင်သွားမည်ဖြစ်သည်။



အော်လန်ဒို ဆီးလ်ဗား။

### ကုန်ကျမည်

ဘရာဇီးနိုင်ငံ အားကစားဝန်ကြီး အော်လန်ဒိုဆီးလ်ဗားက "ကျွန်တော်တို့အနေနဲ့ ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အားကစားကွင်းတွေ အပါအဝင် အခြေခံအဆောက်အအုံ တည်ဆောက်ဖို့အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈ဘီလီယံကို ပထမဆုံး အကုန်အကျခံမှာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို ပြုလုပ်နိုင်ဖို့ အလုပ်သမား ၇၀၀၀၀၀ခန့် လိုအပ်မှာဖြစ်သလို ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို နိုင်ငံတကာ ပရိသတ်တွေ ၆၀၀၀၀၀ကျော် လာရောက်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု ပြောကြားသည်။

၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားပွဲအတွက် ဘရာဇီးနိုင်ငံတစ်ဝန်းတွင် ကြိုတင်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ရာ အိမ်ရှင်အဖြစ် ဘရာဇီးနိုင်ငံကို ရွေးချယ်ခဲ့မှုနှင့် ပတ်သက်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆပ်ဘလတ္တာက "ဘရာဇီးဟာ ဘောလုံးနိုင်ငံလို့ ပြောမယ်ဆိုရင် မမှားပါဘူး။ ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့ဖူးတဲ့ အတွေ့အကြုံလည်းရှိတယ်။ တစ်နိုင်ငံလုံးမှာလည်း အဆင့်အတန်းမီတဲ့ ကစားကွင်းတွေ၊ လေယာဉ်ခရီးစဉ်တွေ ရှိနေတယ်။ နောက်ပြီး အားကစားကွင်းသစ်တွေ တည်ဆောက်ဖို့အတွက် ငွေကြေးတောင့်တင်းတယ်" ဟု ပြောကြားခဲ့သည်။

### ရွေးချယ်

ဘရာဇီးအသင်းကို ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ဖိုလ်စွဲနိုင်ရေးအတွက် ကစားသမားအသစ်များဖြင့် ပြန်လည်ဖွဲ့စည်းမည် ဖြစ်သည်။ ဘရာဇီး အသင်းနည်းပြသစ်ကိုလည်း ရွေးချယ်တာဝန်ပေးရမည်ဖြစ်ရာ နည်းပြအဖြစ် ရေပန်းစားနေသော စကိုလာရီက "ကျွန်တော့်အနေနဲ့ ဘရာဇီးအသင်းနည်းပြတာဝန်ကို လောလောဆယ် လက်မခံလိုပါဘူး။ ဒါပေမယ့် ၂၀၁၂ခုနှစ် လောက်မှာတော့ တာဝန်ယူ ဖြစ်ပါလိမ့်မယ်။ အခုတော့ ပြည်တွင်းကလပ်အသင်း တစ်သင်းနဲ့ နှစ်နှစ်စာချုပ်ချုပ်ထားတာမို့ တာဝန်မယူနိုင်သေးပါဘူး" ဟု စကိုလာရီက ပြောကြားသည်။

စကိုလာရီသည် ဘရာဇီးကလပ် ပါမီရီရက်စ်နှင့် ၂၀၁၂ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသည်။ ဘရာဇီးနည်းပြအဖြစ် စကိုလာရီ၊ လူဇင်ဘာဂိုနှင့် ရာမာဟိုတို့ ရေပန်းစားနေသည်။ စကိုလာရီသည်



နည်းပြ စကိုလာရီ။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ဘရာဇီးအသင်းကို ဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးထားသည့် နည်းပြတစ်ဦးဖြစ်သည်။

### တည်ဆောက်မည်

၂၀၁၄ခုနှစ် ဘရာဇီးကမ္ဘာ့ဖလား ဖွင့်ပွဲနှင့် ပိတ်ပွဲများကို ဆော်ပေါလိုမြို့ရှိ မာရာကာနာ အားကစားကွင်း၌ ကျင်းပရန် စီစဉ်ထားရာ ယင်းအားကစားကွင်းကို ပြန်လည်ပြုပြင်မှုများ ပြုလုပ်ရမည်ဖြစ်သည်။ မာရာကာနာ အားကစားကွင်းသည် ပရိသတ် ၅၆၀၀၀ ကြည့်ရှုနိုင်ရာ ပရိသတ် ၉၀၀၀၀ ဆံ့သည့် နိုင်ငံတကာအဆင့်မီ ကွင်းအဖြစ် ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ထို့ကြောင့် ယခုအခါ ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ဘရာဇီးနိုင်ငံ၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

## ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### အိုင်ဘီအက်ဖ်သရဖူ ဘုသ်နှင့် မော်လီတာလုမည်

*ဗြိတိန်နိုင်ငံ နော်တင်ဂမ်မြို့မှ ဗြိတိသျှလက်ဝှေ့သမား အသက် ၃၂နှစ်ရှိ ဂျာဆန်ဘုသ်သည် ကမ္ဘာ့လက်ဝှေ့သရဖူလုပွဲအဖြစ် စတိဗ်မော်လီတာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း၊ လာမည့်စက်တင်ဘာ ၁၁ရက်တွင် ဆန်းဒါးလန်းမြို့၌ ယှဉ်ပြိုင်ထိုးသတ်မည့် ယင်းပြိုင်ပွဲတွင် ဘုသ်သည် အိုင်ဘီအက်ဖ် စူပါဘင်တန်ဝိတ်ချန်ပီယံဖြစ်နိုင်သည့် အခွင့်အရေးရှိသူဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

### တိုက်စစ်မှူး ဘယ်လာမီ စပါးသို့ပြောင်းရွှေ့ဖွယ်ရှိ

*မန်စီးတီးတိုက်စစ်မှူး ခရစ်ဘယ်လာမီသည် စပါးအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း၊ စပါးအသင်းကလည်း ယင်း၏တိုက်စစ်မှူး ရော်ဘီကိန်းကို အက်စ်တွန်ဗီလာသို့ ရောင်းချကာ ဘယ်လာမီအား ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။*

### ဝဲလ်ဘက်ခ်အား ဆန်းဒါးလန်းက အငှားစာချုပ်ရေးနီးစပ်

*မန်ယူတိုက်စစ်မှူး ဒန်နီဝဲလ်ဘက်ခ်အား ဆန်းဒါးလန်းနည်းပြ စတိဘရုစ်က တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။*

### ဒေလီ၌ ဝေလကိုယ်စားပြု အက်ဒွပ် ယှဉ်ပြိုင်ထိုးသတ်မည်

*လက်ဝှေ့လောက၏ မြင်ကွင်းမှ လေးနှစ်တာမျှ ပျောက်ကွယ်နေသည့် လက်ဝှေ့သမား ဒါရင်အက်ဒွပ်သည် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကျင်းပမည့် ဒေလီနေသဟာယ လက်ဝှေ့ပြိုင်ပွဲတွင် ဝေလနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။*

### ခံစစ်မှူးတယ်လ်ဘင်ဟိန်းအား ဝက်စ်ဟမ်း စာချုပ်ဖွယ်

*ဝက်စ်ဟမ်းအသင်းသည် ပက်ဘလိုဘာရီရာနှင့် လိုင်ယွန်တိုက်စစ်မှူး ဖရက်ဒရစ်ပတ်ကျိုင်နီတို့နှစ်ဦးအား စာချုပ်ခေါ်ယူပြီးနောက် ပို့စ်မောက်ခံစစ်မှူး တယ်လ်ဘင်ဟိန်းအား တတိယမြောက်ကစားသမားအဖြစ် စာချုပ်ချုပ်ဆို ခေါ်ယူဖွယ်ရှိသည်။*

### ခံစစ်မှူး ဘရူနိုအား ခေါ်ယူရန် ဇင်းနစ်စီစဉ်

*ပေါ်တူဂီအသင်း ပေါ်တိုခံစစ်မှူး ဘရူနိုအဲလ်ဗက်စ်အား ဇင်းနစ်စိန့်ပီတာစဘတ်ဂ်က စာချုပ်ခေါ်ယူရန် စီစဉ်နေကြောင်း၊ မန်ယူအသင်းသည် အသင်းမှ ဆားဗီးယားခံစစ်မှူး နီမန်ဂျာဗီဒစ်ထွက်ခွာခဲ့ပါက အစားထိုးရန် အဲလ်ဗက်စ်အား ခေါ်ယူလိုကြောင်း သိရသည်။*

### ဂိုးသမား ဟာပါ နယူးကာဆယ်၌သာ ဆက်နေမည်

*နယူးကာဆယ်ဂိုးသမား စတိဗ်ဟာပါသည် အသင်း၌သာ ဆက်နေမည်ဟု ပြောကြားလိုက်ခြင်းဖြင့် ဆဲလ်တစ်သို့ ပြောင်းရွှေ့ရေးဆွေးနွေးမှုကို အဆုံးသတ်လိုက်သည်။*

### စပါးမှ ဆန်းတိုစ်အား စပို့တင်း အငှားစာချုပ်လို

*စပါးတောင်ပံကစားသမား ဂျီအိုဗန်နီဒေါ့ဆန်းတို့စ်အား စပို့တင်းလစ္စဘွန်းအသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူလိုကြောင်း၊ စပို့တင်းတိုက်စစ်မှူး ယန်နစ်ဒီဂျာလိုအား စပါးသို့ ပေါင် ၄ဒသမ ၂သန်းဖြင့် ရောင်းချဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

### ဂိုးသမား ပလီတီကိုဆာအား စပါးခေါ်ယူရေး နီးစပ်

*ရုရှားအသင်းစပါးတပ်မော်စကိုမှ ခရီအေးရှား ဂိုးသမား စတပ်ပလီတီကိုဆာအား စပါးက စာချုပ်ခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း စပါးနည်းပြ ဟာရီရက်နက်က အတည်ပြုပြောကြားခဲ့သည်။ ။* (အင်တာနက်)

# ချင်းပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း
# တီးတိန်မြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၉**

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁ရက် နံနက်ပိုင်းက တီးတိန်မြို့နယ် ဇလွီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တီးတိန်မြို့ လွယ်ဘွာလ်ရပ်ကွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပြည်သူများနှင့်အတူ စုပေါင်းသစ်ပင်စိုက်ပျိုးပေးသည်။

**ကြည့်ရှု**

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၂ရက်တွင် ဖလမ်းမြို့ ရမ်ကလောင်လက်ဖက်ခြံသို့ရောက်ရှိပြီး လက်ဖက်ပင်များကို စိုက်ပျိုးပေးကာ ထန်တလန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးလူငယ်သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အလယ်တန်းကျောင်းခွဲ တောင်ငူမြို့နယ်၌ ဖွင့်လှစ်

**တောင်ငူ ဇူလိုင် ၁၈**

တောင်ငူမြို့နယ် ကွမ်းပင်ကျေးရွာအုပ်စု ကျောက်လုံးကြီးကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ရက် နံနက်က ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်းနှင့် ခရိုင်ပညာရေးမှူး ဦးကြင်ဆိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ဖွင့်ပွဲအမှာစကားကို အတွင်းရေးမှူး ဦးစိုးမင်းကလည်းကောင်း၊ ကျောင်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ခရိုင်ပညာရေးမှူး ဦးကြင်ဆိုင်ကလည်းကောင်း၊ ကျောင်းခွဲ ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ကျောင်းအုပ်ကြီး ဒေါ်ကြည်ကြည်မာကလည်းကောင်း ရှင်းလင်းပြောကြားသည်။ ကျောင်းဆောင်သစ်ကို နိုင်ငံတော်မတည်ငွေကျပ် ၄၅သိန်းနှင့် စေတနာရှင်ပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၇၅ သိန်း စုစုပေါင်း သိန်း ၂၂၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# သစ်မာယူကလစ်စိုက်ခင်း လွှဲပြောင်းပေးအပ်

**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင် မြောက်ဦးမြို့နယ်တွင် ကျေးလက်အိမ်ရာ ထူထောင်ရေး ကျေးရွာပိုင် သစ်မာယူကလစ်စိုက်ခင်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရဲမြဝင်းတို့က ကျေးလက်အိမ်ရာထူထောင်ရေး စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တောင်ဦး၊ ဝေသာလီ၊ ဆင်အိုးချေ၊ ကိုင်းတော၊ ဆီသည်ကျေးရွာငါးရွာမှ ရပ်ကွက်ဥက္ကဋ္ဌများသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းလင်းက ယူကလစ်သစ်မာ တစ်ဧကစိုက်ခင်းများကို စာချုပ်မှတ်တမ်းနှင့်တကွ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** ၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီတွင် မြောက်ဦးမြို့နယ်ကျေးရွာများ၌ သစ်မာယူကလစ် တစ်ရွာတစ်ဧက တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာယူကလစ်ပင် ၂၀၊ လူတစ်ဦးကျွန်းတစ်ပင် စုစုပေါင်းကျွန်းပင်နှင့် ယူကလစ်ပင် ၁၉၆၁၀စိုက်ပျိုးခဲ့သည်။ **(၁၁၃)**

# မှုခင်းကျဆင်းရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၉**

ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့နှင့် ခရိုင်မှုခင်းရှုထောင့် သတင်းထောက်များ မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီက ခရိုင်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ခရိုင်ရုံးဦးစီး ဒုတိယရဲမှူးဝင်းဇော်က အမှာစကားပြောကြားပြီးနောက် ခရိုင်ရုံးမှ ရဲအုပ်မြင့်ထွန်း၊ ခရိုင်မှုခင်းတပ်ဖွဲ့မှ ရဲအုပ်မြင့်သန်း၊ ရဲအုပ်လေးမြင့်နှင့် ဒုတိယရဲအုပ်သက်နိုင်ဦးတို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ်မှုခင်း သတင်းထောက်များက မှုခင်းမဖြစ်ပွားစေရေး၊ မှုခင်းကျဆင်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ **(သတင်းစဉ်)**

**ကန့်ဘလူမြို့ မြို့မဈေး မီးဘေး လုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟထွန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ဦးဆောင်၍ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်
# သထုံ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**သထုံ ဇူလိုင် ၁၈**

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို သထုံ-ဘားအံအဝေးပြေးလမ်းဘေး၌ ဇွန် ၂၆ရက် နံနက် ၇နာရီက ကျင်းပသည်။

**စိုက်ပျိုးပေး**

ရှေးဦးစွာ သတ်မှတ်ထားသော နေရာများတွင် စတင်စိုက်ပျိုးကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်က ရတနာတန်းဝင် ကျွန်းပင်ကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်(**အပေါ်ပုံ**)က မဟော်ဂနီပင်ကိုလည်းကောင်း စတင်စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ စိန်ပန်းစသည့် ပျိုးပင်ပေါင်း ၉၀၀ကို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်လာကြသူတို့က စိုက်ပျိုးပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်) စုပေါင်းအလှူ

**ရန်ကုန် ဇူလိုင် ၁၉**

ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၂၄ရက်(စနေနေ့) နံနက် ၉နာရီတွင် ယောဇနာရာမ ပရိယတ္တိကျောင်းတိုက် မင်းလမ်းအနောက်ထိပ် ဆရာစံတောင်ရပ်ကွက် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် ရန်ကုန်ရောက် နယ်သူနယ်သားများ တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ဖုန်း- ၀၉-၉၀၄၂၄၇၁၊ အတွင်းရေးမှူး ဦးရဲမြင့် ဖုန်း- ၇၀၆၇၂၂နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်သိန်း ဖုန်း- ၀၉-၅၁-၁၉၄၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# စာအုပ်စာစောင်များလှူဒါန်း
# သစ်တောပြုစုထိန်းသိမ်းရေး ဟောပြော

**လားရှိုး ဇူလိုင် ၁၅**

သစ်တောဦးစီးဌာနနှင့် လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ စာအုပ်စာစောင်လှူဒါန်းခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၉ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးစံဇာဏီအောင် (ဇာဏီအောင်-လားရှိုး)က စာအုပ်စာစောင်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း တင်ပြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ လားရှိုးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့်ဇနီး ဒေါက်တာခင်လေးမူမိသားစုက ဂျာနယ်မျိုးစုံ ၄၀၀၊ လားရှိုးခရိုင် သစ်တောဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးနေမျိုးထွန်းနှင့် ဇနီးဒေါ်မျိုးမျိုးတို့က ဂျာနယ်မျိုးစုံ ၄၀၀၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးလှဦးနှင့် ဇနီးဒေါ်စန်းစန်းမော်တို့က ဂျာနယ် မျိုးစုံ၄၀၀၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ စာအုပ်မျိုးစုံ ၂၅၀တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် စာကြည့်တိုက် တာဝန်ခံဆရာမများက လက်ခံယူကြသည်။

ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးလှဦးက သစ်ပင်ပြောသောစကား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးနေမျိုးထွန်းက ရေဝေရေလဲသစ်တောစိုက်ခင်း ပြုစုရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **(စာပေနှင့်စာနယ်ဇင်းအဖွဲ့)**



# မြို့နယ်သတင်း ထွေတလာ

# ဆံကေသာအလှနှင့် ဆင်ယင်ထုံးဖွဲ့မှု ကော့သောင်း၌ ပြိုင်ပွဲကျင်းပ

**ကော့သောင်း ဇူလိုင် ၁၈**

ကော့သောင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဆံကေသာအလှပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ ပြည်တွင်းဖြစ်တန်ဖိုးနည်း ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီခွဲက မဏ္ဍုသကခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းလွင်နှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာများမှ သမီးပျိုများက ဆံကေသာအလှနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲဝင်ကြပြီး ဆုရရှိသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

**(ခရိုင် ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ ကျောက်ဆည်၌ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁၈**

ကျောက်ဆည်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မြင်စိုင်းခန်းမ၌ကျင်းပရာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက မြန်မာအမျိုးသမီးများအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင်ကျင်းပသော ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ပထမဆုရရှိသော မတင်ဝါဝါဝင်းအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်စန်းဝေက ဆုချီးမြှင့်ပြီး တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသူများနှင့် မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်အေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**





★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

## နာဆာ၏ ကောင်းကင်မြေပုံအတွင်း ဂြိုဟ်သိမ်ပေါင်း ၂၅၀၀၀ခန့် ထပ်မံတွေ့ရှိ

**မြန်မာ့အလင်း အာကာသသိပ္ပံ**

ကောင်းမြတ်သူ-ရေးသားသည်

လော့အိန်ဂျလိစ် ဇူလိုင် ၁၉

နာဆာအာကာသယာဉ်ရှိ မှန်ပြောင်းမှ ရိုက်ကူးခဲ့သော ကောင်းကင်မြေပုံတွင် စကြဝဠာအတွင်း တစ်ကြိမ်မျှ မတွေ့ဖူးသည့် ဂြိုဟ်သစ် ဂြိုဟ်သိမ်ပေါင်း ၂၅၀၀၀ ခန့် ထပ်မံတွေ့ရှိထားကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ (ယာပုံ)



နာဆာမှန်ပြောင်းမှ တွေ့ရသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားပေါင်း ၂၅၀၀၀ ခန့်အနက် အချို့သော ဂြိုဟ်များမှာ လူသားများနေထိုင်ရာ ကမ္ဘာမြေအနီးတွင်ဖြစ်ပြီး ကမ္ဘာနှင့် အနီးဆုံးတွင် ဂြိုဟ်အရေအတွက် ၉၅လုံးရှိသည်ဟုဆိုသည်။

လေ့လာခဲ့

နာဆာသိပ္ပံပညာရှင်များက ဒဗလျူအိုင်အက်စ်အီးဟုခေါ်သော အလွန်အားကောင်းသည့် နောက်ဆုံးပေါ်မှန်ပြောင်းဖြင့် လေ့လာခဲ့ခြင်းဖြစ်သည်။ ၎င်းမှန်ပြောင်းဖြင့် ကောင်းကင်တစ်ခုလုံးကိုလည်း ကြည့်ရှုဓာတ်ပုံရိုက်နိုင်ခဲ့ကြောင်းလည်း သိရသည်။

စကြဝဠာအတွင်းရှိ အပူဆုံးနှင့် အတောက်ပဆုံးအရာအများစုကို မှန်ပြောင်းဖြင့် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်မှ ရစ်ချက်ဘင်ဇယ်က ပြောကြားသည်။

အဆိုပါ သိပ္ပံပညာရှင်များအဖွဲ့သည် ၂၀၀၉ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက ၎င်းစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းဒဗလျူအိုင်အက်စ်အီးမှန်ပြောင်းကို အာကာသတက္ကသိုလ်မှ ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းမှန်ပြောင်းသည် ကမ္ဘာမြေအထက် မိုင် ၃၀၀အကွာတွင် လည်၍နေပြီး ၁၁စက္ကန့်လျှင် တစ်ပတ်နှုန်းဖြင့် ကောင်းကင်တစ်ပြင်လုံးကို ဓာတ်ပုံရိုက်ပေးနေကြောင်း သိရသည်။ အင်တာနက်

## ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း

### မိတ္ထီလာမြို့၌ စာအုပ်များ လှူဒါန်း

မိတ္ထီလာ ဇူလိုင် ၁၉

မိတ္ထီလာမြို့ ညောင်ကန်ကျေးရွာအုပ်စု သဲကုန်းကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်သို့ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်လှူဒါန်းပွဲကို ဇူလိုင် ၁၁ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေးကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၃

**မြန်မာ့အလင်း နိုင်ငံတကာသတင်းနှင့် သတင်းဆောင်းပါးအညွှန်း**

မိုနာလီဇာ ပန်းချီကား လျှို့ဝှက်ချက်များ ပြင်သစ်ပညာရှင်တို့ ဆန်းစစ်ဖော်ထုတ်

(စာ-၄)





၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပွဲနှင့် အိမ်ရှင် ဘရာဇီး

(စာ-၁၂)